စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ပြည်တွင်းပြည်ပ လယ်ယာထွက်ကုန်ဈေးနှုန်းများ

သတင်းလွှာ

စီမံကိန်းဦးစီးဌာနမှ ထုတ်ဝေသည်

၂၀၂၀ ပြည့်နှစ် ဇွန်လ

အမှတ်စဉ်- ၆ / ၂ ၀၂၀

■ လယ်ယာထွက်ကုန် ပြည်တွင်းဈေးနှုန်းသတင်း

- ဆန်/စပါး
- အဈေထုတ်ပြောင်း
- ဂျုံ
- စားသုံးဆီ
- ဆီထွက်သီးနှံ
- ပဲမျိုးစုံ
- စားဖိုဆောင်သီးနှံ
- ဟင်းသီးဟင်းရွက်
- သစ်သီးဝလံ
- စစ်တွေ၊ မြိတ်သတင်းများ
- အပင်ရောဂါကာကွယ်နှိမ်နင်းနည်း
- ဓာတ်မြေဩဇာဈေးနှုန်းများ
- ပြည်ပပို့ကုန်၊ သွင်းကုန် ဆောင်ရွက်နိုင်မှု အခြေအနေများ

■ ပြည်ပဈေးနှုန်းများ

■ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ ဝင်ရောက်မှုသတင်း

■ ဈေးကွက်အလိုက် လယ်ယာထွက်ကုန် ဈေးနှုန်း ဇယားများ

ဈေးကွက်သတင်းဌာနစိတ်
စီမံကိန်းဦးစီးဌာန၊ရုံးအမှတ် (၁၅)
၀၆၇၃- ၄၁၀၁၀၇
office.mis.npt@gmail.com
misdop.moali@gmail.com

Facebook Page - Market Information Service- DOP- MOALI

ပြည်တွင်းပြည်ပ လယ်ယာထွက်ကုန်ဈေးနှုန်းများ သတင်းလွှာ

လယ်ယာထွက်ကုန် ဈေးနှုန်းသတင်းအချက်အလက် ဖြန့်ဖြူးခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်း၍ ၁၉၉၉ ခုနှစ် မေလမှ စတင် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစီမံကိန်းကို သက်တမ်းကုန်ဆုံးသည့်ကာလ ၂၀၀၁ခုနှစ် မတ်လနောက်ပိုင်းတွင်လည်း ဝန်ကြီးဌာနရန်ပုံငွေဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ ဤလစဉ်ဈေးနှုန်းသတင်းလွှာကို ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလမှ စတင်ထုတ်ဝေခဲ့ပြီး လိုအပ်ချက်များ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများဖြင့် ပိုမိုကောင်းမွန်စေရန်အတွက် လက်ရှိအရင်းအမြစ်များဖြင့် စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်လျက်ရှိရာ ဝေဖန်အကြံပြုချက်များကိုလည်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

- **ဈေးနှုန်းသတင်းကောက်ယူသည့်ဒေသများနှင့်နည်းစနစ်။** ။ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်၊ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ၊ တောင်ကြီး၊ အောင်ပန်း၊ သဲကုန်း(ဝက်ပုတ်)၊ အင်းလေးဈေးကွက်၊ နေပြည်တော်(ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေး)၊ လားရှိုး၊ မူဆယ် (၁၀၅) မိုင်၊ စစ်တွေ၊ မြဝတီ၊ မြိတ်အပါအဝင်မြို့နယ်(၂၃)မြို့နယ်၊ ဈေးကွက်ပေါင်း(၂၅) ခုမှ လယ်ယာထွက်ကုန် သားငါးဈေးနှုန်းများကို အပတ်စဉ် ကောက်ယူလျက်ရှိပါသည်။
- **ကောက်ယူသည့်ဈေးနှုန်းအမျိုးအစား။** ။ သဲကုန်း(ဝက်ပုတ်)၊ အောင်ပန်းနှင့် အင်းလေးဈေးကွက်တို့တွင် ပွဲရုံများမှ လက်ကားဝယ်ယူသည့်ဈေးနှုန်း(Wholesale Buying Price)များကို ကောက်ယူခြင်းဖြစ်ပြီး၊ ကျန်ဈေးကွက်များတွင် လက်ကားရောင်း ဈေးနှုန်း(Wholesale Selling Price)များကို ကောက်ယူခြင်းဖြစ်ပါသည်။
- **ဈေးနှုန်းကောက်ယူသောလယ်ယာထွက်ကုန်အမျိုးအစား။** ။ဈေးကွက်အလိုက် အရေးပါသော လယ်ယာထွက်ကုန်များကို အဓိက အလေးထားကောက်ယူလျက်ရှိပြီး၊ ဆန်၊ စပါး၊ အစေ့ထုတ်ပြောင်း၊ စားသုံးဆီ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ သားငါးဈေးနှုန်းများ ပါဝင်ပါသည်။
- **ဈေးနှုန်းသတင်းကောက်ယူချိန်။** ။ အောင်ပန်းနှင့် အင်းလေးဈေးကွက်တို့ကို (၅)ရက် တစ်ဈေးကောက်ယူပြီး၊ ဝက်ပုတ်ဈေးကွက်ကို အင်္ဂါနေ့ညနေပိုင်း၊ နေပြည်တော်ဈေးကွက်ကို တနင်္ဂနွေနေ့နှင့် မူဆယ် (၁၀၅) မိုင်၊ စစ်တွေ၊ မြိတ်ဈေးကွက်များကို တနလ်းနေ့တို့တွင်ကောက်ယူပြီး ကျန်ဈေးကွက်များကို ဗုဒ္ဓဟူးနေ့တိုင်း ကောက်ယူလျက်ရှိပါသည်။ ဈေးကွက်အလိုက် ဈေးနှုန်းကောက်ယူသည့်အချိန်ပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိနိုင်ပြီး၊ ယခုဖော်ပြထားသောဈေးနှုန်းများမှာ ကောက်ယူချိန်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများဖြစ်ပါသည်။
- **လယ်ယာထွက်ကုန်များ၏အရည်အသွေး။** ။ လယ်ယာထွက်ကုန်ဈေးနှုန်းများ အရည်အသွေးနှင့်ပတ်သက်၍ အလယ်အလတ်တန်းစား (FAQ) များကိုသာကောက်ယူပြီး၊ လိုအပ်ချက်အရ အရည်အသွေးကိုလည်း ခွဲခြားကောက်ယူပါသည်။
- **ပြည်ပဈေးနှုန်းသတင်းများ။** ။ နိုင်ငံတကာ ဈေးကွက်များမှ ဆန်၊ ပဲ၊ ဂျုံ၊ သကြား၊ ကော်ဖီ၊ ရာဘာဈေးနှုန်းများ၊ မလေးရှားဈေးကွက်၏ စားအုန်းဆီဈေးနှုန်းများနှင့် ငွေကြေးလဲလှယ်နှုန်းထားများကိုပါ ဤစာစောင်တွင် စုစည်းဖော်ပြထားပါသည်။
- **ဈေးနှုန်းသတင်းများရရှိနိုင်မှု။** ။ လယ်ယာထွက်ကုန်ဈေးနှုန်းသတင်းကို အပတ်စဉ် လယ်ယာစီးပွားသတင်း (The Agri- business News Journal) ဂျာနယ်၊ လစဉ်ထုတ် ပြည်တွင်းပြည်ပ လယ်ယာထွက်ကုန်ဈေးနှုန်းသတင်းလွှာနှင့် နှစ်စဉ်ထုတ်ဝေသည့် ပြည်တွင်းပြည်ပလယ်ယာထွက်ကုန် ဈေးနှုန်းများနှစ်ချုပ်စာအုပ်များနှင့် **Market Information Service – DOP – MOALI Facebook Page** နှင့် **ရွှေတောင်သူ ဈေးကွက်သတင်း Facebook Account** စာမျက်နှာတို့တွင် လေ့လာနိုင်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

လယ်ယာထွက်ကုန်ဈေးနှုန်း သတင်းအချက်အလက်များရရှိနိုင်ရန်အတွက် အဖက်ဖက်မှဝိုင်းဝန်းကူညီပေးကြသည့် ရန်ကုန်တိုင်း ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆန်စပါးလက်ကားကုန်သည်ကြီးများအသင်း၊ ဘုရင့်နောင်ဈေးနှင့် ညောင်ပင်လေးဈေးမှ ရောင်းဝယ်ဖောက်ကားသူများ၊ မန္တလေးမြို့မှ ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော်အသင်း၊ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာမှ ကုန်သည်ကြီးများအသင်း၊ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်)၊ ပြည်၊ တောင်ကြီး၊ အောင်ပန်း၊ ပုသိမ်၊ မော်လမြိုင်၊ သဲကုန်း(ဝက်ပုတ်)၊ ညောင်ရွှေဈေးကွက်၊ နေပြည်တော် (ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေး)၊ လားရှိုး၊ မူဆယ်၊ စစ်တွေတို့မှ ကုန်သည်များနှင့် ရန်ကုန်၊ မန္တလေးမြို့မှ စည်ပင်သာယာရေးကော်မတီ၊ မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ဝန်ထမ်းများအား အထူးကျေးဇူး တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ထူးခြားသော ပြည်တွင်း၊ပြည်ပ စျေးကွက်သတင်းများ

■ **ဥည့်မထဆန်** - နွေဆန်လက်ကျန်နည်းလာခြင်း၊ ပြည်ပသို့ တင်ပို့ရန် ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်လထက် စျေးမြင့်ခဲ့သည်။ ယခင်နှစ် ကာလတူထက် ၂၅. ၆ ရာခိုင်နှုန်း မြင့်ခဲ့သည်။ (စာမျက်နှာ - ၄)



■ **အစေ့ထုတ်ပြောင်း** - ပြည်တွင်း၊ ပြည်ပမှ ဝယ်လိုအားရှိခြင်း၊ လက်ကျန်နည်းခြင်းတို့ကြောင့် ယခင်လထက် စျေးမြင့်ခဲ့သည်။ ယခင်နှစ် ကာလတူထက် ၁၅. ၅ ရာခိုင်နှုန်း မြင့်ခဲ့သည်။ (စာမျက်နှာ - ၁၀)



■ **ဆီထွက်သီးနှံ (နှမ်းနက်)** - နွေနှမ်းသစ်များ ဝင်ရောက်မှုများခြင်း၊ တရုတ်မှ ဝယ်လိုအားမရှိခြင်း၊ ဆောင်းနှမ်း လက်ကျန်များခြင်းတို့ကြောင့် ယခင်လထက် စျေးနိမ့်ရခြင်းဖြစ်သည်။ ယခင်နှစ် ကာလတူထက် ၂၂. ၆ ရာခိုင်နှုန်း နိမ့်ခဲ့သည်။ (စာမျက်နှာ - ၁၅)



■ **ကြက်သွန်ဖြူ (ရှမ်း)** - နယ်စပ်ဂိတ်များ ပိတ်ထားခြင်းကြောင့် ကုန်ဝင်ရောက်မှုများခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်လထက် စျေးနိမ့်ရခြင်း ဖြစ်သည်။ ယခင်နှစ် ကာလတူထက် ၁၅. ၈ ရာခိုင်နှုန်း နိမ့်ခဲ့သည်။ (စာမျက်နှာ - ၂၃)



MIS-203

၂၀၂၀ ပြည့်နှစ် ဇွန်လ
လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းများအခြေအနေကောက်နှုတ်ချက်

ဆန်

- နွေစပါးလက်ကျန်နည်းခြင်း၊ ပြည်ပသို့တင်ပို့ရန် ဝယ်လိုအားရှိခြင်း၊ ကုန်သည်လှောင်လက်များမှ ဝယ်လိုအား ရှိခြင်းတို့ကြောင့် ဈေးကွက်များတွင် ပျမ်းမျှအားဖြင့် **ဆန်**ဈေးများမြင့်ခဲ့သည်။ **(စာမျက်နှာ - ၄)**

စပါး

- ပထမတန်း**စား စပါး**ဖြစ်သော ဧရာဝတီပေါ်ဆန်းမှာ ကြိတ်ခွဲစက်များမှ ဝယ်လိုအားကောင်းခြင်း၊ စားသုံးသူဝယ်လို အားရှိခြင်း၊ ကောက်ညှင်းဖြူ စပါးမှာ လက်ကျန်နည်းခြင်းကြောင့် ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။ **(စာမျက်နှာ - ၈)**

အစေ့ထုတ်ပြောင်း

- ပြည်တွင်း၌ ဆောင်း**အစေ့ထုတ်ပြောင်း** လက်ကျန်နည်းခြင်း၊ မိုးပြောင်းဝင်ရောက်မှု မရှိသေးခြင်း၊ မွေးမြူရေး အစာစပ်လုပ်ငန်းများမှ ဝယ်လိုအားရှိခြင်း၊ ပြည်တွင်း၊ ပြည်ပဝယ်လက်ဆုံချိန်ဖြစ်ခြင်းတို့ကြောင့် ဈေးကွက်များ တွင် ပျမ်းမျှအားဖြင့် ဈေးမြင့်ခဲ့သည်။ **(စာမျက်နှာ- ၁၀)**

ဂျုံ

- **ဂျုံ** စက်များမှ ဝယ်ယူမှုနည်းခြင်း၊ မုန့်လုပ်ငန်းများမှ ပြည်ပဂျုံ သုံးစွဲမှုများခြင်း၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်များ တွင်အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးကွက်များတွင် ပျမ်းမျှအားဖြင့် ဈေးနိမ့်ခဲ့သည်။ **(စာမျက်နှာ- ၁၁)**

စားသုံးဆီ

- ဆီထွက်သီးနှံကုန်ကြမ်း (မြေပဲနှင့် နှမ်း) ဈေးနိမ့်ခြင်း၊ အရောင်းအဝယ်အေးခြင်း၊ စားအုန်းဆီမှာ ဝယ်ဈေးနိမ့် ခြင်း၊ ဈေးကွက်များသို့ ဝင်ရောက်မှုများခြင်းတို့ကြောင့် ဈေးကွက်များတွင် ပျမ်းမျှအားဖြင့် **စားသုံးဆီ** မှာ ဈေးနိမ့် ခဲ့သည်။ **(စာမျက်နှာ - ၁၂)**

ဆီထွက်သီးနှံ

- **မြေပဲ(လုံးဆန်၊ ဆီဆန်)** တို့မှာ မိုးမြေပဲစိုက်ပျိုးထားချိန်ဖြစ်ပြီး ဆောင်းမြေပဲ သိုလှောင်ရောင်းဝယ်ချိန်ကာလ ဖြစ်သော်လည်း တရုတ်မှဝယ်လိုအားမရှိခြင်း၊ **နွေနှမ်း**သစ်များ ဝင်ရောက်မှုများခြင်း၊ ဆောင်းနှမ်းလက်ကျန် များခြင်း၊ တရုတ်မှ ဝယ်လိုအားမရှိခြင်း၊ လဆန်းပိုင်းတွင် မိုး**နေကြာ** စိုက်ပျိုးပြီးချိန်ဖြစ်၍ မျိုးလက်ကျန်များကို တောင်သူများမှ ရောင်းလိုအားများခြင်း၊ လှောင်လက်မှထုတ်ရောင်းမှုများခြင်းတို့ကြောင့် ပျမ်းမျှအားဖြင့် ဈေးကွက် များတွင် ဈေးနိမ့်ခဲ့သည်။ **ပန်းနှမ်း** အသစ်ဝင်ရောက်မှုနည်းလာခြင်း၊ ရံဖန်ရံခါ ရန်ကုန်မှ ဝယ်လိုအားရှိခြင်း တို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။ **(စာမျက်နှာ - ၁၅)**

ပဲမျိုးစုံ

- **မတ်ပဲ (သင်္ဘောတင်နှင့် ပြည်တွင်း)** တို့မှာ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ ဝယ်လိုအားရှိခြင်း၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုရှိလာခြင်း၊ ပဲလက်ကျန်နည်းခြင်း၊ **ပဲစင်းငုံ (နီ၊သင်္ဘောတင်)** တို့မှာ ပြည်တွင်း၌ ပဲလက်ကျန်နည်းခြင်း၊ အိန္ဒိယမှဝယ်လိုအားရှိခြင်း၊ ပဲခွဲစက်များမှဝယ်ယူမှုရှိခြင်း၊ မိုးပဲများ စိုက်ပျိုးထားချိန် ဖြစ်ခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။**ပဲတီစိမ်း (ကြီး)** မှာ ပြည်ပတင်ပို့ရန် ကုန်သည်လှောင်လက်များမှ ဝယ်လိုအားရှိသော်လည်း သီးနှံပေါ်ချိန် ဈေးချ ဝယ်ယူမှုရှိခြင်း၊ **ပဲတီစိမ်း (သေး)** မှာ မိုးကြိုရေသွင်းစိုက်ပဲများဝင်ရောက်မှုများခြင်း၊ ကုန်သည်မှ ဝယ်လိုအားနည်းခြင်း၊ **ကုလားပဲ**များကို ရန်ကုန်နှင့် မန္တလေးဈေးကွက်များတွင် အရောင်းအဝယ်အေးခြင်း၊ ကြိတ်ခွဲစက်များမှ ပုံမှန်ဝယ်လို အားသာရှိခြင်း၊ ဈေးကွက်သို့ ဝင်ရောက်မှုများခြင်းတို့ကြောင့် ဈေးကွက်များတွင် ယခင်လထက် ဈေးနိမ့်ခဲ့သည်။ **(စာမျက်နှာ - ၁၆)**

စားဖိုဆောင်သီးနှံ

- ဧရာဝတီတိုင်းဒေသကြီးမှ ငရုတ်ခြောက်များဝင်ရောက်မှုနည်းလာသော်လည်း မန္တလေးတိုင်းဒေသကြီးမှ **ငရုတ်ခြောက်** (ရှည်နှင့် လတ်) အသစ်များဝင်ရောက်လာခြင်း၊ စားသုံးသူဝယ်လိုအားနည်းခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့ပြီး ငရုတ်ခြောက်ပွမှာ တရုတ်နှင့် ဗီယက်နမ်ပွများ ဝင်ရောက်မှုရှိခြင်း၊ ဝယ်ဈေးနိမ့်ခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။ **(စာမျက်နှာ - ၂၀)**
- ပြည်ပသို့ တင်ပို့မှုမရှိခြင်း၊ ပြည်တွင်းလက်ကျန်များခြင်း၊ ဒေသစုံမှ **ကြက်သွန်နီ** များဝင်ရောက်မှုများခြင်း၊ တောင်သူများမှချေးငွေပြန်ဆပ်ရန် ထုတ်ရောင်းချမှုများခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးကွက်များတွင် ပျမ်းမျှအားဖြင့် ကြက်သွန်နီ အရွယ်အစားအားလုံး ဈေးဆက်လက်နိမ့်ခဲ့သည်။ **(စာမျက်နှာ - ၂၁)**
- ရှမ်း**ကြက်သွန်ဖြူ**နှင့် ကြူကုတ်ကြက်သွန်ဖြူတို့မှာ ထွက်ရှိရာဒေသများတွင် ဝယ်ဈေးနိမ့်ခြင်း၊ စားသုံးသူပုံမှန်ဝယ်လိုအားသာရှိခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးကွက်များတွင် ပျမ်းမျှအားဖြင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။ **(စာမျက်နှာ - ၂၃)**
- တရုတ်အာလူးများ ဝင်ရောက်မှုရှိကြောင့် အာလူး (အိုကော) မှာ ဈေးနိမ့်ခဲ့ပြီး၊ အာလူးအသစ်များကို စားသုံးသူကြိုက်နှစ်သက်မှုရှိခြင်းကြောင့် အာလူး (အေဝမ်းနှင့် ဆွဲသီး) တို့မှာ ဈေးကွက်များတွင် ပျမ်းမျှအားဖြင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။ **(စာမျက်နှာ - ၂၄)**

ဟင်းသီးဟင်းရွက်

- **ခရမ်းချဉ်(မြေပြန့်)**မှာ အသီးတုံးချိန်ဖြစ်ခြင်းကြောင့် ခရမ်းချဉ်(ရှမ်း)တစ်မျိုးသာ ဈေးကွက်သို့ အဝင်ရှိခြင်း၊ ယခင်လအတွင်းက ကပ်ရောဂါဆိုင်ရာကန့်သတ်ချက်များကြောင့် အရောင်းအဝယ်အေးကာ ပွဲရုံလက်ကျန်များခဲ့ခြင်း၊ ယခုလအတွက် ကုန်မှာယူမှုနည်းနေခြင်း၊ ထွက်ရှိရာဒေသတွင် ဝယ်ဈေးမြင့်ခြင်း၊ **ဂေါ်ဖီထုပ် (ရှမ်း)** မှာ ကုန်အဝင်နည်းချိန်ဖြစ်ခြင်း၊ မိုးတွင်းကာလဖြစ်၍ အရည်အသွေးကောင်းသော ဂေါ်ဖီထုတ်များအား ဈေးမြှင့်ရောင်းချမှုရှိခြင်း၊ စားသုံးသူများမှ ဝယ်လိုအားကောင်းခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။ **(စာမျက်နှာ -၂၅)**

အင်းလေးဈေးကွက်

- အင်းလေးခရမ်းချဉ်မှာ အမှည့်သီးအထွက်များခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။

(စာမျက်နှာ -၂၆)

သစ်သီးဝလံ

- **ဒူးရင်းသီး(ဒေသမျိုး)နှင့်မင်းဂွတ်သီး**တို့မှာ ကုန်အဝင်လျှိုင်ခြင်း၊ အသေးစ၊ အလတ်စများခြင်း၊ အရောင်းအဝယ်အေးခဲခြင်း၊ **သရက်သီး(မချစ်စု၊ရင်ကွဲ)** တို့မှာ ရန်ကုန်အနီးဝန်းကျင်ဒေသများမှ ကုန်အဝင်လျှိုင်ခြင်း၊ ရောင်းလိုအားများခြင်း၊ **(စိန်တလုံး)** မှာအရည်သွေးနိမ့်ခြင်း၊ **စပျစ်သီး(နီညို)၊ ကျွဲကောသီး**မှာ ကုန်အဝင်နည်းသော်လည်း အရောင်းအဝယ်အေးခြင်း၊ **နာနတ်သီး** မှာကုန်အဝင်လျှိုင်ခြင်းတို့ကြောင့် အသီးသီးဈေးနိမ့်ခဲ့သည်။ **(စာမျက်နှာ - ၂၆)**

အပင်ရောဂါများအား ကာကွယ်နှိမ်နင်းနည်း

မှည့်ပြောက်စွန်းရောဂါ

ရောဂါလက္ခဏာများ

- ဤမှိုသည် အပင်ကြီးထွားမှု၏ မည်သည့်အဆင့်မဆို လေပေါ်ပိုင်းအစိတ်အပိုင်းအားလုံးကို တိုက်ခိုက်သည်။
- ရောဂါလက္ခဏာများသည် အရွက်များနှင့် ပဲသီးတောင့်များပေါ်တွင် စက်ပိုင်းပုံဖြစ်ဖြစ်ကာ အနက်ရောင် ဗဟိုနှင့် တောက်ပသည့် လိမ္မော်နီရောင်အနားသားနှင့်အတူ အနက်ရောင်နေလောင်စက်များဖြစ်သည်။

ဒေါက်တာကိုကို(စိုက်ပျိုးရေး) **(စာမျက်နှာ- ၂၈)**

ဓာတ်မြေဩဇာ

- ယခုလ **ယူရီးယား(တရုတ်)** မြေဩဇာ(၅၀)ကီလိုအိတ်တစ်အိတ်လျှင် ရန်ကုန်ဈေးကွက်တွင် (၂၄,၂၅၀)ကျပ်ဖြင့် ယခင်လထက် (၂) ရာခိုင်နှုန်းဖြင့် ဈေးနိမ့်နေပြီး မန္တလေးဈေးကွက်တွင် (၂၄,၅၀၀) ကျပ်ဖြင့် ယခင်လထက် (၅.၂) ရာခိုင်နှုန်း ဈေးနိမ့်ခဲ့သည်ကို တွေ့ရသည်။
- **တီစူပါ(GTSP ၄၆%)** မြေဩဇာ (၅၀) ကီလိုအိတ်တစ်အိတ်လျှင် ရန်ကုန်ဈေးကွက်တွင် (၂၃,၃၂၅)ကျပ်ဖြင့် ယခင်လထက် (၂.၁) ရာခိုင်နှုန်းနှင့် မန္တလေး ဈေးကွက်တွင် (၂၁,၁၀၀)ကျပ်ဖြင့် ယခင်လထက် (၀.၅) ရာခိုင်နှုန်း ဈေးနိမ့်ပါသည်။
- **အာမို (၁၆:၁၆:၈:၁၃)** မြေဩဇာ(၅၀) ကီလိုအိတ်တစ်အိတ်လျှင် ရန်ကုန်ဈေးကွက်တွင် (၃၇,၅၀၀) ကျပ်ဖြင့် ယခင်လနှင့် ဈေးတူညီနေပြီး မန္တလေးဈေးကွက်တွင် (၃၈,၉၀၀) ကျပ်ဖြင့် ယခင်လထက် (၁၂.၄) ရာခိုင်နှုန်း ဈေးနိမ့်ပါသည်။ **(စာမျက်နှာ- ၂၉)**

ပြည်ပပို့ကုန်၊ သွင်းကုန်ဆောင်ရွက်နိုင်မှု အခြေအနေ

- အောက်တိုဘာလ (၁) ရက်မှ ဇွန်လ (၂၆) ရက်ထိ ၂၀၁၉ - ၂၀၂၀ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ပပို့ကုန်၊ သွင်းကုန် အကောင်အထည်ဖော်မှု အခြေအနေများကို စာမျက်နှာ (၃၀) မှ (၃၄) အထိ ကုန်ပစ္စည်းအလိုက် ပို့ကုန်တင်ပို့မှု နှိုင်းယှဉ်ချက်ဖော်ပြထားပါသည်။ **(စာမျက်နှာ - ၃၀)**

ပြည်ပဈေးနှုန်းများ

- London ရှိ International Coffee Organization တွင် Colombian Mild ကော်ဖီ(၄) ရာခိုင်နှုန်း၊ Robusta ကော်ဖီ (၇.၈) ရာခိုင်နှုန်းနှင့် Brazilian Natural ကော်ဖီတို့မှာ (၀.၁) ရာခိုင်နှုန်း ဈေးနိမ့်ခဲ့သည်။
- မလေးရှားနိုင်ငံ ကွာလာလမ်ပူဈေးကွက်တွင် ယခင်လ စားအုန်းဆီဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၅၂၆) မှ ယခုလတွင် အမေရိကန်ဒေါ်လာ (၅၉၉) သို့ (၁၃.၉) ရာခိုင်နှုန်း ဈေးမြင့်ခဲ့သည်။ **(စာမျက်နှာ - ၃၄)**

"ဆန်"
ရန်ကုန်နှင့်မန္တလေးဈေးကွက်ဆန်ဈေးနှုန်းပြောင်းလဲမှုအခြေအနေ

ကျပ် / ၃၀ ပိဿာ

ဈေးကွက်အမည်	ကာလနှင့်ခြားနားချက်	အမျိုးအစားအလိုက်ဈေးနှုန်း								
		ဗျာပုံပေါ်ဆန်း	ရွှေဘိုပေါ်ဆန်း	ပေါ်ကျွဲ	ဇီယာ	မနောသုခ	ငစိန်	ပေါ်ဆန်း	ရွှေဘိုမနော်	ဧည့်မထ
ရန်ကုန်	မေ	၃၆၅၀၀	၅၁၅၀၀	၃၁၀၀၀	၂၂၆၀၀	၂၅၀၀၀	၁၈၅၀၀	*	*	၂၂၆၀၀
	ဇွန်	**၃၆၅၀၀**	**၅၁၅၀၀**	**၂၉၅၀၀**	**၂၄၁၇၅**	**၂၅၀၀၀**	**၁၉၆၂၅**	*	*	**၂၄၁၇၅**
	ခြားနားချက်(%)	~	~	(-) ၅	(+) ၇	~	(+) ၆.၁			(+) ၇
မန္တလေး	မေ	*	၅၀၇၅၀	*	၂၇၂၅၀	၂၅၂၅၀	၂၂၇၅၀	၄၄၂၅၀	၄၇၇၅၀	*
	ဇွန်	*	၄၉၇၅၀	*	**၂၆၈၇၅**	**၂၄၅၀၀**	**၂၂၀၀၀**	**၄၃၇၅၀**	**၄၅၇၅၀**	*
	ခြားနားချက်(%)		(-) ၂		(-) ၁.၄	(-) ၃	(-) ၃.၃	(-) ၁.၁	(-) ၄.၂	

(*)ဈေးနှုန်းကောက်ယူခြင်းမရှိပါ။ (၃၀) ပိဿာ = (၂၄)ပြည် = တစ်တင်းခွဲ၊ (~) ယခင်လနှင့်ဈေးတူ

ရန်ကုန်ဈေးကွက်

- ပေါ်ကျွဲဆန်မှာ စားသုံးသူ ဝယ်လိုအားနည်းခြင်း၊ ဈေးကွက်သို့ ဝင်ရောက်မှုများခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။ ကျန်ဆန်များမှာ နွေစပါးလက်ကျန်နည်းလာခြင်း၊ ပြည်ပတင်ပို့ရန်ဝယ်လိုအားရှိခြင်းတို့ကြောင့် ဈေးအနည်းငယ်မြင့်ခဲ့သည်။

မန္တလေးဈေးကွက်

- ရန်ကုန်ပေါ်ဆန်းဆန်မှာ ဆန်သစ်ဝင်ရောက်ချိန်နီးခြင်း၊ သယ်ယူပို့ဆောင်ရေး အခက်အခဲများရှိခြင်းကြောင့် နယ်ဈေးကွက်များသို့ တင်ပို့ရမှုနည်းခြင်း၊ လက်ကျန်များခြင်း၊ လှောင်လက်မှုထုတ်ရောင်းမှုရှိခြင်း၊ ရွှေဘိုပေါ်ဆန်းဆန်မှာ မိုးမိတ်နှင့် ရွှေကူဒေသများသို့ တင်ပို့မှုနည်းခြင်း၊ ဒေသတွင်းစားသုံးမှုသာရှိခြင်း၊ ရွှေဘိုမနော်မှာ ရွှေဘိုဒေသတစ်ခုတည်းမှသာ ဝင်ရောက်မှုရှိသော်လည်း အရောင်းအဝယ်အေးခြင်း၊ မနောသုခဆန်မှာ တရုတ်သို့ တင်ပို့မှုရှိသောဆန်ဖြစ်သော်လည်း ဆန်သစ်ဝင်ရောက်မှုရှိခြင်း၊ Covid ကာလဖြစ်၍ အရောင်းအဝယ်အေးခြင်း၊ ရွှေကူနှင့်မိုးမိတ်ဒေသများသို့ တင်ပို့ရမှုနည်းခြင်း၊ ငစိန်ဆန်မှာ နွေဆန်သစ်များ ဝင်ရောက်ချိန်ဖြစ်ခြင်းတို့ကြောင့် ယခင်လထက် ဈေးအသီးသီး နိမ့်ခဲ့သည်။

ဈေးကွက်သို့ ဆန်ဝင်ရောက်မှုအခြေအနေ

(အိတ်ပေါင်း)

ဈေးကွက်	မေ	**ဇွန်**	ခြားနားချက်%
ရန်ကုန်	၁,၂၈၃,၄၀၅	**၁,၀၀၄,၅၆၆**	(-) ၂၁.၇
ပခုက္ကူ	၂၂၆,၅၀၀	**၂၀၃,၀၀၀**	(-) ၁၀.၄

ရန်ကုန်ဈေးကွက် ဆန်အလတ်စားဈေးနှုန်းများနှစ်အလိုက်ပြောင်းလဲမှု



ရန်ကုန်ဈေးကွက် ဆန်အလတ်စားဈေးနှုန်းများနှစ်အလိုက်ပြောင်းလဲမှု



မန္တလေးဈေးကွက် ဆန်အလတ်စားဈေးနှုန်းများ နှစ်အလိုက်ပြောင်းလဲမှု



ဈေးကွက်အလိုက်ဆန်ဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ် / ၃၀ ပိသာ)

ဈေးကွက်အမည်	ကာလနှင့်ခြားနားချက်	အမျိုးအစားအလိုက်ဈေးနှုန်း								
		ရွှေဘိုပေါ်ဆန်း	ပေါ်ဆန်း	မနော သုခ	ညွှေ့မထ	ရွှေဝါထွန်း	ပေါ်ကွဲ	ဇီယာ	ဧရာမင်း	သီးထပ်ရင်
ပြည်	မေ	၆၃၈၇၅	*	၂၉၀၀၀	*	၂၅၂၅၀	*	*	*	*
	ဖွန်	**၆၀၂၅၀**	*	**၂၉၀၀၀**	*	**၂၅၂၅၀**	*	*	*	*
	ခြားနားချက်(%)	(-) ၅.၇		~		~				
မော်လမြိုင်	မေ	၅၉၀၀၀	၃၆၅၀၀	*	၂၂၂၅၀	*	*	*	*	*
	ဖွန်	**၅၉၀၀၀**	**၃၅၀၀၀**	*	**၂၃၆၂၅**	*	*	*	*	*
	ခြားနားချက်(%)	~	(-) ၄.၁		(+) ၆.၂					
မြင်းခြံ	မေ	၅၂၂၅၀	၃၇၅၀၀	၂၆၅၀၀						
	ဖွန်	**၅၃၀၀၀**	**၃၇၅၀၀**	**၂၆၅၀၀**						
	ခြားနားချက်(%)	(+) ၁.၄	~	~						
ပခုက္ကူ	မေ	၅၄၀၀၀	*	၂၆၇၅၀	*	*	*	၂၅၅၀၀	*	*
	ဖွန်	**၅၂၇၅၀**	*	**၂၇၃၇၅**	*	*	*	**၂၆၅၀၀**	*	*
	ခြားနားချက်(%)	(-) ၂.၃		(+) ၂.၃				(+) ၄		
မုံရွာ	မေ	၄၅၄၃၈	*	၂၇၈၁၃	*	*	*	*	၄၇၅၀၀	
	ဖွန်	**၄၆၁၂၅**	*	**၂၉၅၀၀**	*	*	*	*	**၅၀၀၀၀**	
	ခြားနားချက်(%)	(+) ၁.၅		(+) ၆.၁					(+) ၅.၃	
တောင်ကြီး	မေ	၅၄၁၂၅	၄၃၆၆၇	၃၀၈၃၃	*	*	၃၂၉၁၇	၃၁၀၈၃	*	*
	ဖွန်	**၅၂၉၅၈**	**၄၂၆၂၅**	**၃၀၈၃၃**	*	*	**၃၁၃၇၅**	**၂၆၀၄၂**	*	*
	ခြားနားချက်(%)	(-) ၂.၂	(-) ၂.၄	~			(-) ၄.၇	(-) ၁၆.၂		
နေပြည်တော်	မေ	၆၄၁၀၀	၄၂၁၀၀	၂၅၀၀၀	*	*	*	၂၈၀၀၀	*	*
	ဖွန်	**၆၃၅၀၀**	**၄၂၅၀၀**	**၂၅၀၀၀**	*	*	*	**၂၈၀၀၀**	*	*
	ခြားနားချက်(%)	(-) ၁	(+) ၁	~				~		
ပုသိမ်	မေ	၄၆၂၅၀	*	၂၆၀၀၀	*	*	*	*	၃၂၀၀၀	၂၂၅၀၀
	ဖွန်	**၄၅၂၅၀**	*	**၂၇၁၂၅**	*	*	*	*	**၃၂၇၅၀**	**၂၄၁၂၅**
	ခြားနားချက်(%)	(-) ၂.၂		(+) ၄.၃					(+) ၂.၃	(+) ၇.၂
လားရှိုး	မေ	၆၁၀၀၀	၄၉၀၀၀	*	၂၆၅၀၀	*	*	*	*	*
	ဖွန်	**၆၁၀၀၀**	**၄၉၀၀၀**	*	**၂၆၅၀၀**	*	*	*	*	*
	ခြားနားချက်(%)	~	~		~					

(*)ဈေးနှုန်းကောက်ယူခဲ့ခြင်းမရှိပါ။ တစ်တင်းခွဲ = ၃၀ပိသာ ၊ တစ်တင်း = ၂၀ပိသာ (~) ယခင်လနှင့်ဈေးတူ။

- **ပြည်ဈေးကွက်**သို့ ပွဲရုံများတွင်ဆန်လက်ကျန်များခြင်း၊ ဆန်သစ်များဝင်ရောက်ချိန်နီး၍ ရောင်းလိုအားများခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။ ဒေသထွက်ဆန်များဖြစ်သော မနောသုခနှင့် ရွှေဝါထွန်းဆန်တို့မှာ အရောင်းအဝယ်ပုံမှန်သာရှိခြင်းကြောင့် ယခင်လနှင့် ဈေးတူခဲ့သည်။

- **မော်လမြိုင်ဈေးကွက်**တွင် ရွှေဘိုပေါ်ဆန်းဆန်မှာ အရောင်းအဝယ်အေးခြင်းကြောင့် ဈေးတည်ငြိမ်နေပြီး ဒေသထွက်ပေါ်ဆန်းဆန်မှာ စပါးဈေးအနည်းငယ်ကျခြင်း၊ အကျိုးအကြေးများခြင်းကြောင့် ဆန်အရည်အသွေးနိမ့်ခြင်း၊ တစ်ပိုင်တစ်နိုင်ကြိုတင်ဝယ်ယူစုဆောင်းထားမှုများရှိခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။ ဧည့်မထဆန်မှာ တပ်ရိက္ခာအတွက်စုဆောင်းမှုရှိခြင်း၊ မုန့်ဖတ်ခြောက်လုပ်ငန်းများမှ ဝယ်လိုအားကောင်းခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။

- **မြင်းခြံဈေးကွက်**တွင် ရွှေဘိုပေါ်ဆန်းဆန်မှာ ဝယ်ဈေးမြင့်ခြင်းကြောင့် ဈေးမြင့်ခဲ့ပြီး ကျန်ဆန်များမှာ စားသုံးသူ ပုံမှန်ဝယ်လိုအားသာရှိခြင်းကြောင့် ယခင်လနှင့် ဈေးတူညီလျက်ရှိသည်။
- **ပခုက္ကူဈေးကွက်**တွင် ရွှေဘိုပေါ်ဆန်းဆန်မှာ မိုးဆန်လက်ကျန်များခြင်း၊ နွေဆန်သစ် ဝင်ရောက်ချိန်နှီးလာခြင်းကြောင့် ရောင်းလိုအားများခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့ပြီး ဒေသဆန်များမှာ မိုးဆန်ပေါ်ပြီး ကာလဖြစ်ခြင်း၊ ဒေသတွင်းစားသုံးသူများနှင့် လှောင်လက်များမှ ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးသိသာစွာမြင့်ခဲ့သည်။
- **မုံရွာဈေးကွက်** သို့ နွေဆန်အသစ်များ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်မှုရှိလာပြီး လှောင်လက်များမှ ဝယ်ယူမှုရှိခြင်း၊ ရန်ကုန်၊ မကွေးနှင့် မန္တလေးသို့ တင်ပို့ရမှုရှိခြင်းတို့ကြောင့် ယခင်လထက် ဆန်အမျိုးအစားအားလုံး ဈေးမြင့်ခဲ့သည်။
- **တောင်ကြီးဈေးကွက်**သို့ ဆန်ဝင်ရောက်မှုများခြင်း၊ အရောင်းအဝယ်အေးခြင်း၊ ရောင်းလိုအားများခြင်းတို့ကြောင့် ဆန်အမျိုးအစားအားလုံး ဈေးနိမ့်ခဲ့သည်။
- **နေပြည်တော်ဈေးကွက်**တွင် ရွှေဘိုပေါ်ဆန်းဆန်မှာ နွေဆန်ဟောင်းများကို ရောင်းလိုအားများခြင်း၊ တောင်သူထံလက်ကျန်များခြင်း၊ ဝယ်ဈေးနိမ့်ခြင်းကြောင့် ဈေးနိမ့်ခဲ့ပြီး ပေါ်ဆန်းဆန်မှာ ရန်ကုန်မှ ဝယ်ဈေးမြင့်ခြင်း၊ သယ်ယူစရိတ်မြင့်ခြင်းတို့ကြောင့် ယခင်လထက် ဈေးအနည်းငယ်မြင့်ခဲ့သည်။
- **ပုသိမ်ဈေးကွက်**တွင် ရွှေဘိုပေါ်ဆန်းဆန်မှာ အရောင်းအဝယ်သိသာစွာအေးလာခြင်း၊ Covid ကာလဖြစ်ခြင်းကြောင့် စားသုံးသူများမှ ကြိုတင်ဝယ်ယူ စုဆောင်းထားမှုများခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။ ဧရာမင်း၊ မနောသုခနှင့် သီးထပ်ရင်ဆန်တို့မှာ ပြည်ပနိုင်ငံများမှ ဆန်တင်ပို့ရန် တင်ဒါကမ်းလှမ်းမှုများရှိခြင်း၊ ကုန်သည်များမှ ဝယ်လိုအားရှိခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။
- **လားရှိုးဈေးကွက်**တွင် စားသုံးသူဝယ်လိုအားနည်းခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း တွေ့ရသည်။
- **မူဆယ်(၁၀၅) မိုင်**ကုန်သွယ်ရေးဇုန်၊ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်) အတွင်းအရောင်းအဝယ်ဖြစ်သော FOB ဆန်နှင့် ဆန်ကွဲဈေးနှုန်းမှာ ယခင်လနှင့် နှိုင်းယှဉ်လျှင် ငစိန်ဆန် (၁၅%)၊ ဆန်ကွဲ (၂/၃/၄)၊ ဆန်ကွဲ (၁/၂)နှင့် ဆန်ကွဲ (၁ နှင့် Extra) ဈေးနှုန်းများ မြင့်တက်လာပြီး ကျန်ဆန်ဈေးနှုန်းများမှာ တည်ငြိမ်နေကြောင်း တွေ့ရသည်။

****

"စပါး"
ပုသိမ်ဈေးကွက်စပါးဈေးနှုန်းပြောင်းလဲမှုအခြေအနေ

ကျပ်/၁၀၀ တင်း

စပါးအမျိုးအစား	ပထမတန်းစား		ခြားနားချက်
	မေ	ဇွန်	
ဧရာဝတီပေါ်ဆန်း	၉၆၃,၈၀၉	၉၇၂,၄၀၅	(+) ၀.၉
ပေါ်ဆန်းရင်	၇၈၈,၅၇၁	၇၈၈,၅၀၀	(-) ၀.၀၁
ကောက်ညှင်းဖြူ	၅၉၈,၀၀၀	၇၁၃,၀၀၀	(+) ၁၉.၂
ဖျာပုံပေါ်ဆန်း	၈၄၀,၃၈၄	၈၄၉,၁၉၂	(+) ၁.၁
	ဒုတိတန်းစား		
ရွှေသွယ်လေး	၇၈၂,၀၀၀	၇၈၂,၀၀၀	~
ဧရာမင်း	၇၈၂,၀၀၀	၇၈၂,၀၀၀	~
မနောသုခ	၆၂၅,၆၀၀	၆၃၉,၄၀၀	(+) ၂.၂
မီးကောက်	၆၄၄,၀၀၀	#	
သီးထပ်ရင်	၅၁၅,၂၀၀	၅၅၂,၀၀၀	(+) ၇.၁

(၄၆ ပေါင်/တင်း) (~) ယခင်လနှင့်ဈေးတူ။ (#) ဈေးကွက်သို့ ဝင်ရောက်မှုမရှိပါ။

ပထမတန်းစားစပါး (ပုသိမ်)

- ပထမတန်းစားစပါးဖြစ်သော ဧရာဝတီပေါ်ဆန်းမှာ ကြိတ်ခွဲစက်များမှ ဝယ်လိုအားကောင်းခြင်း၊ စားသုံးသူဝယ်လိုအားရှိခြင်း၊ ကောက်ညှင်းဖြူ စပါးမှာ လက်ကျန်နည်းခြင်းကြောင့် ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။

ဒုတိယတန်းစားစပါး (ပုသိမ်)

- ဒုတိယတန်းစားစပါးများကို ပြည်ပနိုင်ငံများမှ ဆန်တင်ပို့ရန်အတွက် တင်ဒါကမ်းလှမ်းမှုများရှိခြင်း၊ ပြည်ပတင်ပို့ရန်အတွက် ကုန်သည်များမှ ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။ မီးကောက်စပါးမှာ ပစ္စည်းပြတ်ခြင်းကြောင့် ဈေးကွက်သို့ ဝင်ရောက်မှုမရှိပါ။

၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ
မြန်မာနှင့်နိုင်ငံတကာ (၂၅%)ဆန်ဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(USD/MT)

နှစ်	လ	မြန်မာ	ထိုင်း	ဗီယက်နမ်	ပါကစ္စတန်	အိန္ဒိယ
၂၀၁၉	ဧနှ	၂၆၀	၄၀၂	၃၃၉	၄၁၀	၃၃၀
	ဖေ	၂၆၃	၄၀၄	၃၂၅	၄၁၀	၃၈၀
	မတ်	၂၆၉	၃၉၇	၃၂၉	၃၂၄	၃၃၀
	ဧပြီ	၂၄၁	၄၀၃	၃၄၃	၃၂၅	၃၄၅

	မေ	၂၄၅	၄၀၂	၃၄၉	၃၂၈	၃၄၅
	ဇွန်	၂၄၉	၄၁၁	၃၅၀	၃၂၃	၃၄၅
	ဇူ	၂၅၁	၄၀၈	၃၅၁	၃၃၃	၃၄၅
	ဩ	၂၈၅	၄၁၉	၃၄၃	၃၃၇	၃၄၆
	စက်	၂၅၀	၄၂၂	၃၁၂	၃၄၀	၃၃၀
	အောက်	၂၅၀	၄၁၈	၃၃၃	၃၃၉	၃၃၀
	နို	၂၄၆	၄၁၅	၃၃၂	၃၂၄	၃၃၄
	ဒီ	၂၄၈	၄၂၂	၃၃၄	၃၃၇	၃၂၅
၂၀၂၀	ဇန်	၂၅၈	၄၃၈	၃၃၉	၃၄၄	၃၃၉
	ဖေ	၂၈၁	၄၄၂	၃၅၇	၃၄၇	၃၄၄
	မတ်	၂၉၂	၄၇၇	၃၈၄	၃၄၇	၃၃၇
	ဧပြီ	၃၁၉	၄၇၄	၃၆၈	၃၅၄	၃၆၁
	မေ	၃၁၄	၄၉၄	၄၅၅	၃၄၀	၄၀၀
	ဇွန်	**၃၄၄**	**၅၀၁**	**၄၅၂**	**၃၈၇**	**၃၆၃**

ဇစ်မြစ်။ MIS,exchangerate.com, FAO rice price

ပြည်ပဆန်တင်ပို့မှုအခြေအနေ

(၁ - ၁၀ - ၂၀၁၉ မှ ၂၆ - ၆ - ၂၀၂၀ နေ့အထိ)

ကုန်စည်	တန်ချိန်	တန်ဖိုး(အမေရိကန်ဒေါ်လာသန်းပေါင်း)
ဆန်	၁၃၅၉၈၇.၇၄၇	၄၃၀.၉၃၀
ဆန်ကွဲ	၇၇၀၂၁.၆၄၀	၂၀၄.၃၈၅
စုစုပေါင်း	**၂၁၂၉၆၀၉.၃၈၇**	**၆၃၅.၃၁၅**

ဇစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

****

"အစေ့ထုတ်ပြောင်း"

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဒေသများတွင် မိုး**အစေ့ထုတ်ပြောင်း**များ စတင်စိုက်ပျိုးသော ကာလဖြစ်သည်။

ဈေးကွက်အလိုက် အစေ့ထုတ်ပြောင်းဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်)

ဈေးကွက်	ယူနစ်	မေ	ဇွန်	ခြားနားချက်%
ရန်ကုန်	**၅၄ ပိဿာ**	၂၇၃၀၄	**၃၀၃၄၁**	(+) ၁၁.၁
မန္တလေး	**၅၄ ပိဿာ**	၂၄၂၈၃	**၂၈၅၀၀**	(+) ၁၇.၄
ပခုက္ကူ	**ပိဿာ**	၄၆၁	**၅၅၉**	(+) ၂၁.၂
မုံရွာ	**၁၈ ပိဿာ**	၈၁၂၅	**၉၂၂၅**	(+) ၁၃.၅
တောင်ကြီး	**ပိဿာ**	၄၂၄	**၄၈၃**	(+) ၁၃.၈
အောင်ပန်း	**ပိဿာ**	၄၂၈	**၅၀၀**	(+) ၁၇
လားရှိုး	**ပိဿာ**	၃၉၅	**၄၇၃**	(+) ၁၉.၆

- **ရန်ကုန်ဈေးကွက်**တွင် ပြည်တွင်း၌ ပြောင်းလက်ကျန်နည်းခြင်း၊ ပြည်တွင်းရှိ အစာစပ် လုပ်ငန်းများမှ လိုအပ်ချက်များခြင်း၊ ပြည်တွင်းပြောင်းဈေး ခိုင်မာနေခြင်းကြောင့် မြဝတီနယ်စပ်သို့ တင်ပို့မှုနည်းခြင်း၊ ပြည်တွင်းပြည်ပ ဝယ်လက်ဆုံချိန်ဖြစ်ခြင်း၊ လှောင်လက်များမှ ထုတ်ရောင်းမှုနည်းခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။
- **မန္တလေးဈေးကွက်**တွင် ဆောင်းလက်ကျန်နည်းခြင်း၊ မိုးစိုက်ဝင်ရောက်မှုမရှိသေးခြင်း၊ လှောင်လက်ထဲမှ ဝယ်ယူရခြင်း၊ ပြည်တွင်း၊ပြည်ပမှဝယ်လိုအား ရှိခြင်းတို့ကြောင့် ဈေးမြင့်ရခြင်းဖြစ်သည်။
- **ပခုက္ကူဈေးကွက်**သို့ ပေါက်၊ ပခုက္ကူ၊ ရေစကြို၊ တောင်သာနှင့် ညောင်ဦးနယ်တို့မှ ဆောင်းစိုက်သီးနှံအသစ်များ အနည်းငယ် ဝင်ရောက်မှုရှိသော်လည်း ပြည်ပတင်ပို့ရန် ကုန်သည်များမှဝယ်လိုအား ရှိခြင်း၊ မွေးမြူရေးအစာစပ်လုပ်ငန်းများမှ ဝယ်လိုအားခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်သည်။
- **မုံရွာဈေးကွက်**တွင် ဆောင်းအစေ့ထုတ်ပြောင်းများ ပုံမှန်ဝင်ရောက်မှုရှိသော်လည်း လှောင်လက်များမှ ဝယ်ယူမှုများခြင်း၊ မွေးမြူရေးအစာစပ်လုပ်ငန်းများမှ ဝယ်လိုအားကောင်းခြင်း၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်များသို့ အပြိုင် တင်ပို့နေရခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။
- **တောင်ကြီးဈေးကွက်**သို့ ပစ္စည်းဝင်ရောက်မှုနည်းခြင်း၊ မိုးအစေ့ထုတ်ပြောင်းများ စတင်စိုက်ပျိုးချိန်ဖြစ်ခြင်း၊ လက်ကျန်မရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။
- **အောင်ပန်းဈေးကွက်**တွင် ကုန်သည်များမှ ဝယ်လိုအားကောင်းလာခြင်းကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။
- **လားရှိုးဈေးကွက်**တွင် မြဝတီနှင့် မန္တလေးမှ ဝယ်လိုအား ရှိခြင်းကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။
- ပြည်ပတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းကျော်အား **မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်** မှ တင်ပို့ခြင်းဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်တန်လျှင် ၁၀၄၅ ယွမ်မှ ၁၀၂၉ ယွမ်သို့ ဈေးနှုန်းကျဆင်းလာကြောင်းသိရသည်။ မန္တလေး - မူဆယ်ကားခမှာ ၁ ပိဿာလျှင် ၇၂ ကျပ်မှ ၇၄ ကျပ်အထိရှိပြီးနှင့် အလုပ်သမားခ (တင်/ချ) မှာ (၅၀)ကီလိုပြောင်းအိတ်တစ်အိတ်လျှင် (၅၀) ကျပ် ရှိကြောင်း သိရှိရပါသည်။

"ဂျုံ"

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသများတွင် ဆောင်း**ဂျုံ**များ ရိတ်သိမ်းပြီး၍ သိုလှောင်ရောင်းဝယ်ချိန်ကာလဖြစ်သည်။

ဈေးကွက်အလိုက် ဂျုံဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်)

ဈေးကွက် အမည်	ကာလနှင့် ခြားနားချက်(%)	အမျိုးအစားအလိုက်ဈေးနှုန်း						
		ဂျုံမှုန့်	မြင်းမူဂျုံစေ့	မြောင်ဂျုံစေ့	မုံရွာဂျုံစေ့	ရှမ်းဂျုံစေ့	ဂျုံဖြူသန့်ဂျုံစေ့	အထွက်တိုးဂျုံစေ့
ရန်ကုန်	မေ	၃၀၂၅၀	*	*	*	*	*	*
	ဇွန်	**၂၈၅၀၀**	*	*	*	*	*	*
	ခြားနားချက်(%)	(-) ၅.၈						
မန္တလေး	မေ	*	၄၇၀၄၂	၄၇၀၄၂	၄၆၈၃၃	၃၆၇၅၀	*	*
	ဇွန်	*	**၄၆၃၇၅**	**၄၆၃၇၅**	**၄၆၃၃၃**	**၃၆၃၇၅**	*	*
	ခြားနားချက်(%)		(-) ၁.၄	(-) ၁.၄	(-) ၁.၁	(-) ၁		
မုံရွာ	မေ	*	*	*	*	*	၁၄၈၇၅	၁၁၀၃၈
	ဇွန်	*	*	*	*	*	**၁၄၄၃၈**	**၁၁၅၀၀**
	ခြားနားချက်(%)						(-) ၃	(+) ၄.၂
တောင်ကြီး	မေ	*	*	*	*	၇၈၅	*	*
	ဇွန်	*	*	*	*	**၇၈၈**	*	*
	ခြားနားချက်(%)					(+) ၀.၃		
အောင်ပန်း	မေ	*	*	*	*	၆၁၀	*	*
	ဇွန်	*	*	*	*	**၆၃၀**	*	*
	ခြားနားချက်(%)					(+) ၃.၃		

(*) ဈေးနှုန်းကောက်ယူခြင်းမရှိပါ။ (~) အရောင်းအဝယ်မဖြစ်ပါ။

-ရန်ကုန်(၂၅)ပြေသာ၊ မန္တလေး (၆၀)ပြေသာ၊ မုံရွာ (၂၀)ပြေသာ၊ တောင်ကြီး၊ အောင်ပန်း (ပြေသာ)

- **ရန်ကုန်ဈေးကွက်**တွင် ဈေးကွက်သို့ ဝင်ရောက်မှုများခြင်း၊ စားသောက်ကုန်လုပ်ငန်းများနှင့် ခေါက်ဆွဲစက်များမှ ပုံမှန်ဝယ်လိုအားသာရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးအနည်းငယ်နိမ့်ခဲ့သည်။
- **မန္တလေးဈေးကွက်**တွင် ဂျုံစက်များမှ ဝယ်ယူမှုနည်းခြင်း၊ မြို့တွင်းမုန့်လုပ်ငန်းများမှ ပြည်ပဂျုံများကို ဝယ်ယူသုံးစွဲမှုများခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဂျုံစေ့အမျိုးအစားအားလုံး ဈေးနိမ့်ရခြင်းဖြစ်သည်။
- **မုံရွာဈေးကွက်**သို့ ဂျုံဖြူသန့်မှာ ဝင်ရောက်မှုများခြင်း၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်များသို့ တင်ပို့ရမှုလျော့နည်းခြင်း၊ မုန့်လုပ်ငန်းများမှ ပုံမှန်သုံးစွဲမှုသာရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့ပြီး အထွက်တိုးဂျုံမှာ ခေါက်ဆွဲလုပ်ငန်း၊ မုန့်လုပ်ငန်းများမှ ဝယ်လိုအားရှိခြင်းကြောင့် ယခင်လထက် ဈေးမြင့်ရခြင်းဖြစ်သည်။
- **တောင်ကြီးဈေးကွက်**တွင် ဈေးကွက်သို့ ပစ္စည်းဝင်ရောက်မှုနည်းခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးအနည်းငယ် မြင့်ခဲ့သည်။
- **အောင်ပန်းဈေးကွက်**တွင် ဒေသတွင်းမုန့်လုပ်ငန်းများမှ ဝယ်လိုအားကောင်းရှိခြင်းကြောင့် ဈေးအနည်းငယ်မြင့်ခဲ့သည်။

****

"စားသုံးဆီ"
ဈေးကွက်အလိုက်စားသုံးဆီဈေးပြောင်းလဲမှုအခြေအနေ

(ကျပ်/ပိဿာ)

ဈေးကွက်အမည်	ကာလနှင့် ခြားနားချက်(%)	အမျိုးအစားအလိုက်ဈေးနှုန်း		
		မြေပဲဆီ	နှမ်းဆီ	စားအုန်းဆီ
ရန်ကုန်	မေ	၃၂၇၅	၆၀၀၀	၁၆၀၆
	ဇွန်	**၃၂၀၀**	**၆၀၀၀**	**၁၅၉၃**
	ခြားနားချက်(%)	(-) ၂.၃	~	(-) ၀.၉
မန္တလေး	မေ	၆၄၃၈	၆၆၀၀	၁၆၃၂
	ဇွန်	**၆၅၀၀**	**၆၅၀၀**	**၁၆၁၈**
	ခြားနားချက်(%)	(+) ၁	(-) ၁.၅	(-) ၀.၉
ပြည်	မေ	၃၂၅၀	၃၂၀၀	၁၈၂၅
	ဇွန်	**၃၀၀၀**	**၂၉၀၀**	**၁၆၄၁**
	ခြားနားချက်(%)	(-) ၇.၇	(-) ၉.၄	(-) ၁၀.၁
မော်လမြိုင်	မေ	၆၈၅၀	*	၂၀၇၅
	ဇွန်	**၆၈၀၀**	*	**၁၈၂၅**
	ခြားနားချက်(%)	(-) ၀.၇		(-) ၁၂.၁
မြင်းခြံ	မေ	၆၃၁၈	၆၀၀၀	၁၇၁၄
	ဇွန်	**၆၂၅၀**	**၅၈၃၈**	**၁၆၆၈**
	ခြားနားချက်(%)	(-) ၁.၁	(-) ၂.၇	(-) ၂.၇
ပခုက္ကူ	မေ	၅၀၀၀	၆၀၀၀	၁၇၇၀
	ဇွန်	**၅၀၀၀**	**၆၀၀၀**	**၁၆၃၅**
	ခြားနားချက်(%)	~	~	(-) ၇.၆
မုံရွာ	မေ	၅၉၀၀	၆၂၀၀	၁၆၅၅
	ဇွန်	**၅၉၀၀**	**၆၀၅၀**	**၁၆၂၈**
	ခြားနားချက်(%)	~	(-) ၂.၄	(-) ၁.၇
တောင်ကြီး	မေ	၃၇၇၁	၄၁၀၀	၁၉၀၈
	ဇွန်	**၃၈၄၄**	**၄၃၈၈**	**၁၉၂၁**
	ခြားနားချက်(%)	(+) ၁.၇	(+) ၇	(+) ၀.၇
နေပြည်တော်	မေ	၃၂၀၀	၃၀၀၀	၂၀၀၀
	ဇွန်	**၃၂၀၀**	**၃၁၅၀**	**၂၂၀၀**
	ခြားနားချက်(%)	~	(+) ၅	(+) ၁၀
လားရှိုး	မေ	၂၇၂၅	*	၂၁၆၃
	ဇွန်	**၂၅၅၀**	*	**၁၉၇၅**
	ခြားနားချက်(%)	(-) ၆.၄		(-) ၈.၇

(*)ဈေးနှုန်းကောက်ယူခြင်းမရှိပါ။ (~) ယခင်လနှင့်ဈေးတူ

- **ရန်ကုန်ဈေးကွက်**တွင် မြေပဲဆီ(ရိုးရိုး)နှင့် စားအုန်းဆီတို့မှာ အရောင်းအဝယ်အေးခြင်း၊ ဝယ်ဈေးနိမ့်ခြင်း၊ စားသုံးသူပုံမှန်ဝယ်လိုအားသာရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။
- **မန္တလေးဈေးကွက်**တွင် ဆီထွက်သီးနှံကုန်ကြမ်း မြေပဲဆီဆန်ဈေးမြင့်ခြင်း၊ စားသုံးသူ ဝယ်လိုအားရှိခြင်းတို့ကြောင့် မြေပဲဆီ(ရှယ်) ဈေးမြင့်ခဲ့သည်။ နှမ်းဆီမှာ တရုတ်မှဝယ်လိုအားနည်းခြင်းကြောင့် နှမ်းညိုဈေးနိမ့်ခြင်း၊ စားအုန်းဆီမှာ နေကြာဆီနှင့် ရောနှောဆီများကို စားသုံးသူဝယ်လိုအားကောင်းခြင်း၊ အကြော်အလှော်လုပ်ငန်းများမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။

- **ပြည်ဈေးကွက်**တွင် မြေပဲဆီနှင့် နှမ်းဆီ (ရိုးရိုး) တို့မှာ ရောနှောဆီပါဝင်မှုများခြင်း၊ စားအုန်းဆီမှာ ရန်ကုန်မှ ဝယ်ဈေးနိမ့်ခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။
- **မော်လမြိုင်ဈေးကွက်**တွင် မြေပဲဆီမှာ ကုန်ကြမ်းဈေးအနည်းငယ်ကျလာခြင်း၊ စားအုန်းဆီမှာ ထိုင်းနိုင်ငံမှ တင်သွင်းဈေးနိမ့်ခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။
- **မြင်းခြံဈေးကွက်**တွင် မြေပဲကုန်ကြမ်းဈေးမြင့်သော်လည်း စားသုံးသူဝယ်လိုအားနည်းခြင်း၊ အရောင်းအဝယ်အေးခြင်း၊ နှမ်းကုန်ကြမ်းဈေးနိမ့်ခြင်း၊ စားအုန်းဆီမှာ ဝယ်ယူရာဒေသတွင် ဝယ်ဈေးနိမ့်ခြင်းတို့ကြောင့် ယခင်လထက် ဆီအမျိုးအစားအားလုံး ဈေးအသီးသီးနိမ့်ခဲ့သည်။
- **ပခုက္ကူဈေးကွက်**တွင် ဆီထွက်သီးနှံကုန်ကြမ်းများ ဈေးအနည်းငယ်မြင့်သော်လည်း မြေပဲဆီနှင့် နှမ်းဆီတို့မှာ ဈေးတည်ငြိမ်လျက်ရှိသည်။ စားအုန်းဆီမှာ စားသုံးသူဝယ်လိုအားရှိသော်လည်း ဈေးကွက်သို့ ဝင်ရောက်မှုများခြင်းကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။
- **မုံရွာဈေးကွက်**တွင် နှမ်းကုန်ကြမ်းဈေးနိမ့်ခြင်း၊ ကြိတ်ခွဲစက်များမှ ကြိတ်ခွဲမှုများခြင်းကြောင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှ ဝယ်လိုအားနည်းခြင်း၊ စားအုန်းဆီမှာ ဈေးကွက်သို့ ဝင်ရောက်မှုများခြင်း၊ အကြော်အလှော်လုပ်ငန်းမှ ဝယ်ယူမှုနည်းလာခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။
- **တောင်ကြီးဈေးကွက်**တွင် မိုးမြေပဲစိုက်ပျိုးချိန်ဖြစ်ခြင်း၊ နှမ်းဆီမှာ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိခြင်း၊ စားအုန်းဆီမှာ သယ်ယူစရိတ်မြင့်ခြင်း၊ စားသုံးသူ ဝယ်လိုအားရှိခြင်းတို့ကြောင့် အသီးသီး ဈေးမြင့်ခဲ့သည်။
- **နေပြည်တော်ဈေးကွက်**တွင် နှမ်းဆီ(ရိုးရိုး) မှာ ရောနှောဆီ ပါဝင်မှုအပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိခြင်း၊ စားသောက်ဆိုင်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရောင်းချမှုရှိလာခြင်း၊ အကြော်အလှော်လုပ်ငန်းများမှ ဝယ်လိုအားကောင်းခြင်းတို့ကြောင့် စားအုန်းဆီမှာ ဈေးမြင့်ခဲ့သည်။
- **လားရှိုးဈေးကွက်**တွင် စားအုန်းဆီမှာ မန္တလေးမှဝယ်ဈေးနိမ့်ခြင်း၊ စားသုံးသူဝယ်လိုအားနည်းခြင်း၊ မြေပဲဆီ (ရိုးရိုး)ကို လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်နှင့် ဟိုပန်ဒေသများမှ ဝယ်လိုအားရှိသော်လည်း စားအုန်းဆီဈေးနိမ့်၍ ရောနှောဆီပါဝင်မှုများခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။

၂၀၁၉-၂၀၂၀ ခုနှစ်မလေးရှားစားအုန်းဆီဈေးနှုန်းပြောင်းလဲမှုအခြေအနေ



၂၀၁၉ ခုနှစ် မှ ၂၀၂၀ပြည့်နှစ်အထိ

မလေးရှားစားအုန်းဆီဈေးနှုန်းများပြောင်းလဲမှုနှင့် တင်သွင်းမှုအခြေအနေ

ဈေးနှုန်းပြောင်းလဲမှုအခြေအနေ (USD/MT)				ပြည်ပမှသဘော်ဖြင့် တင်သွင်းမှုအခြေအနေ
နှစ်	လ	ရန်ကုန်*	မလေးရှား**	တန်ချိန်ပေါင်း***
၂၀၁၉	ဇန်	၆၄၀	၅၂၅	၇၄၃၃၃
	ဖေ	၆၈၀	၅၆၂	၅၈၁၄၉
	မတ်	၆၃၇	၅၂၆	၆၂၈၅၅
	ဧပြီ	၆၂၇	၅၂၉	၆၄၈၃၆
	မေ	၆၂၅	၅၀၅	၅၅၁၆၇
	ဇွန်	၆၂၅	၅၀၄	၅၆၅၅၉
	ဇူ	၆၃၂	၄၈၆	၆၃၇၈၀
	သြ	၆၃၉	၅၁၉	၇၃၂၆၁
	စက်	၆၄၃	၅၂၉	၇၀၁၀၃
	အောက်	၆၄၂	၅၂၂	၇၀၁၁၇
	နို	၆၈၈	၆၀၈	၄၀၀၇၄
	ဒီ	၇၅၉	၆၉၉	၆၅၃၃၂
၂၀၂၀	ဇန်	၈၄၀	၇၆၇	၆၃၄၈၇
	ဖေ	၇၇၄	၆၈၄	၆၈၃၈၅
	မတ်	၇၁၉	၅၇၃	၅၈၃၇၁
	ဧပြီ	၇၆၅	၅၅၁	၆၃၅၃၈
	မေ	၆၆၉	၅၂၆	၇၄၆၄၈
	ဇွန်	**၆၈၀**	**၅၉၉**	**၈၅၅၈၈**

ဇစ်မြစ်*MIS, exchangerate.com **mpob.gov.my ***စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

****

“ဆီထွက်သီးနှံ”

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် **မိုးမြေပဲ၊ နှမ်း၊ နေကြာနှင့် ရှမ်းတောင်ဒေသ**တွင် မိုးနေကြာများစတင် စိုက်ပျိုးလျက်ရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် နွေနှမ်းများ ဆက်လက်ရိတ်သိမ်းလျက်ရှိသည်။

ဈေးကွက်အလိုက်ဆီထွက်သီးနှံဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်)

ဈေးကွက်အမည်	ကာလနှင့်ခြားနားချက်(%)	အမျိုးအစားအလိုက်ဈေးနှုန်းများ								
		မြေပဲ (လုံးဆန်)	မြေပဲ (ဆီဆန်)	နှမ်း(ညို)	နှမ်း(နက်)	နှမ်း(ဖြူ)	နှမ်း(ဝါ)	နှမ်း(နီ)	နေကြာ	ပန်းနှမ်း
မန္တလေး	မေ	၃၀၁၆၆၇	၂၅၆၆၆၇	၁၂၁၂၅၀	၁၂၉၁၂၅	၁၂၉၇၉၂	*	#	၃၆၇၅၀	၆၉၇၅၀
	ဇွန်	**၃၁၃၀၂၁**	**၂၆၃၁၂၅**	**၁၁၄၀၀၀**	**၁၂၆၂၅၀**	**၁၁၇၀၆၃**	*	#	**၃၃၀၀၀**	**၇၂၈၇၅**
	ခြားနားချက်(%)	(+) ၃.၈	(+) ၂.၅	(-) ၆	(-) ၂.၂	(-) ၉.၈			(-) ၁၀.၂	(+) ၄.၅
ပြည်	မေ	၃၁၆၃	၂၇၃၈		၂၁၀၀၀၀	*	#	၁၂၀၂၅၀	*	*
	ဇွန်	**၂၉၇၅**	**၂၅၇၅**		**၁၈၁၂၅၀**	*	#	**၁၁၉၀၀၀**	*	*
	ခြားနားချက်(%)	(-) ၆	(-) ၆		(-) ၁၃.၇			(-) ၁		
မြင်းခြံ	မေ	၃၀၈၈	၂၆၃၈	၂၄၇၅	*	၂၆၃၃	*	*	*	*
	ဇွန်	**၃၀၅၀**	**၂၆၅၀**	**၂၄၀၀**	*	**၂၅၃၈**	*	*	*	*
	ခြားနားချက်(%)	(-) ၁.၂	(+) ၀.၅	(-) ၃		(-) ၃.၆				
ပခုက္ကူ	မေ	၃၁၂၁	၂၈၂၉	#	#		#	#	*	*
	ဇွန်	**၃၀၀၄**	**၂၈၅၀**	**#**	**၃၁၁၇**	**၂၄၀၀**	**#**	**#**	*	*
	ခြားနားချက်(%)	(-) ၃.၇	(+) ၀.၇							
မုံရွာ	မေ	၃၀၃၁	၂၆၂၅	၃၉၅၀၀	၆၄၁၂၅	၄၁၄၃၈	၃၉၇၅၀	၃၉၇၅၀	၁၃၂၅	၂၀၀၀၀
	ဇွန်	**၂၉၂၅**	**၂၅၆၉**	**၃၇၄၅၀**	**၄၇၈၇၅**	**၃၇၄၃၈**	**၃၆၀၀၀**	**၃၆၀၀၀**	**၁၂၂၅**	**၂၂၀၀၀**
	ခြားနားချက်(%)	(-) ၃.၅	(-) ၂.၁	(-) ၅.၂	(-) ၂၅.၃	(-) ၉.၇	(-) ၉.၄	(-) ၉.၄	(-) ၇.၆	(+) ၁၀
တောင်ကြီး	မေ	*	*	*	*	*	*	*	*	၁၃၉၄
	ဇွန်	*	*	*	*	*	*	*	*	**၁၃၅၀**
	ခြားနားချက်(%)									(-) ၃.၂
အောင်ပန်း	မေ	*	*	*	*	*	*	*	၁၀၂၀	၁၄၁၀
	ဇွန်	*	*	*	*	*	*	*	#	**၁၅၀၀**
	ခြားနားချက်(%)									(+) ၆.၄

(*) ဈေးနှုန်းကောက်ယူခြင်းမရှိပါ။(#) ဈေးကွက်သို့ဝင်ရောက်မှုမရှိပါ။ (~) အရောင်းအဝယ်မဖြစ်ပါ။

မန္တလေးဈေးကွက် - မြေပဲ (ဆီဆန်/လုံးဆန်) (၁၀၀ပိသာ)၊ နှမ်း/ပန်းနှမ်း(၄၅ ပိသာ)၊ နေကြာ (၂၇) ပိသာ
ပြည်ဈေးကွက် - မြေပဲ (ဆီဆန်/လုံးဆန်) (ပိသာ)၊ နှမ်းနက်(၄၅ ပိသာ)၊
မြင်းခြံဈေးကွက် - မြေပဲ (ဆီဆန်/လုံးဆန်) (ပိသာ)၊ နှမ်းနက်(ပိသာ)၊
ပခုက္ကူဈေးကွက် - မြေပဲ (ဆီဆန်/လုံးဆန်) (ပိသာ)၊ နှမ်း(ဖြူ၊ နက်၊ ဝါ ၊ နီ)(ပိသာ)
မုံရွာဈေးကွက် - မြေပဲ (ဆီဆန်/လုံးဆန်) (ပိသာ)၊ ပန်းနှမ်း/နှမ်း(ဖြူ၊ နက်၊ ဝါ၊နီ)(၁၅ ပိသာ)၊ နေကြာ (ပိသာ)
တောင်ကြီးဈေးကွက် - ပန်းနှမ်း(ပိသာ)
အောင်ပန်းဈေးကွက် - ပန်းနှမ်း (ပိသာ)

- **မြေပဲ (လုံးဆန်နှင့် ဆီဆန်)** တို့မှာ မိုးမြေပဲစိုက်ပျိုးထားချိန်ဖြစ်ပြီး ဆောင်းမြေပဲ သိုလှောင်ရောင်းဝယ်ချိန်ကာလ ဖြစ်သော်လည်း တရုတ်မှဝယ်လိုအားမရှိခြင်း၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်များတွင် အရောင်းအဝယ်အေးခြင်း၊ အကြော်အလှော်လုပ်ငန်းများနှင့် ကြိတ်ခွဲစက်များမှ ပုံမှန်သုံးစွဲမှုသာရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးကွက်များတွင် (၁.၂) ရာခိုင်နှုန်းမှ (၆) ရာခိုင်နှုန်းအတွင်း ဈေးနိမ့်ခဲ့သည်။ **နွေနှမ်း**သစ်များ ဘုတလင်၊ ကနီ၊ ချောင်ဦး၊ ကလေး၊ ကန့်ဘလူ၊ မြောင်၊ ယင်းမာပင်၊ ရေဦး၊ တန့်ဆည်၊ မင်းကင်း၊ ရွှေဘို၊ ဝက်လက်၊ မြစ်သားနှင့် ငါန်းဇွန်တို့မှ ဝင်ရောက်မှုများခြင်း၊ ဆောင်းနှမ်း လက်ကျန်များခြင်း၊ တရုတ်မှ ဝယ်လိုအားမရှိခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးကွက်များတွင် နှမ်းများ (၁) ရာခိုင်နှုန်းမှ (၂၅.၃) ရာခိုင်နှုန်း အတွင်း ဈေးနိမ့်လျက်ရှိသည်။

- လဆန်းပိုင်းတွင် မိုး**နေကြာ** စိုက်ပျိုးပြီးချိန်ဖြစ်၍ မျိုးလက်ကျန်များကို တောင်သူများမှ ရောင်းလိုအားများခြင်း၊ လှောင်လက်မှထုတ်ရောင်းမှုများခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိခြင်း၊ ကြိတ်ခွဲစက်များမှ ဝယ်လိုအားနည်းခြင်း၊ မန္တလေးနှင့် တမူးတို့တွင်အရောင်းအဝယ်အေးခြင်းတို့ကြောင့် နေကြာမှာ (၇.၆) ရာခိုင်နှုန်းမှ (၁၀.၂) ရာခိုင်နှုန်းအတွင်း ဈေးနိမ့်ခဲ့သည်။ **ပန်းနှမ်း** အသစ်ဝင်ရောက်မှုနည်းလာခြင်း၊ ရံဖန်ရံခါ ရန်ကုန်မှ ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်လထက် (၄.၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင် နှုန်းအတွင်း ဈေးမြင့်ခဲ့သည်။

****

"ပဲမျိုးစုံ"

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် **မိုးပဲတီစိမ်းနှင့် မိုးပဲစင်းငုံများ** ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင် မိုး**ပဲပုပ်**များ စတင် စိုက်ပျိုးချိန် ကာလဖြစ်သည်။

ဈေးကွက်အလိုက်ပဲမျိုးစုံဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်)

သီးနှံအမျိုးအစား	ရန်ကုန်			မန္တလေး			ပြည်			မြင်းခြံ		
	မေ	**ဇွန်**	ခြားနား ချက်%	မေ	**ဇွန်**	ခြားနား ချက်%	မေ	**ဇွန်**	ခြားနား ချက်%	မေ	**ဇွန်**	ခြားနား ချက်%
မတ်ပဲ (RC)	၉၅၉၇၅၀	**၉၇၅၀၀၀**	(+) ၁.၆	*	*		*	*		*	*	
မတ်ပဲ (ပြည်တွင်း)	*	*		၈၉၅၈၃	**၉၃၂၅၀**	(+) ၄.၁	၃၀၄၇၅	**၃၀၈၇၅**	(+) ၁.၃	*	*	
ပဲတီစိမ်း (သေး)	*	*		*	*		၃၅၀၀၀	**၃၅၀၀၀**	~	၁၉၀၃	**၁၇၀၀**	(-) ၁၀.၇
ပဲတီစိမ်း (အညှာ)	*	*		၁၁၂၇၅၀	**၁၀၈၅၈၃**	(-) ၃.၇	*	*		*	*	
ပဲတီရွှေဝါ	၁၁၆၄၇၅	**၁၁၃၄၈၈**	(-) ၂.၆	၁၁၇၆၃၉	**၁၁၈၀၀၀**	(+) ၀.၃	*	*		*	*	
ပဲစင်းငုံ (နီ)	*	*		၇၀၁၈၈	**၇၂၆၈၈**	(+) ၃.၆	၂၃၈၀၀	**၂၄၆၂၅**	(+) ၃.၅	၁၁၅၀	**၁၁၈၂**	(+) ၂.၇
ပဲစင်းငုံ (RC)	၇၆၅၀၀၀	**၇၈၆၈၇၅**	(+) ၂.၉	*	*							
ပဲပုပ်(ရှမ်း)	*	*		၅၀၅၈၃	**၄၉၉၇၉**	(-) ၁.၂	*	*		*	*	
ပဲပုပ်(မြန်မာ)	၆၃၉၇၅	**၆၀၀၀၀**	(-) ၆.၂	၅၉၁၂၅	**၅၆၃၇၅**	(-) ၄.၇	၂၀၈၇၅	**၂၁၅၀၀**	(+) ၃	၁၀၈၈	**၁၁၇၅**	(+) ၈.၁
ပဲလွန်းဖြူ	၉၃၉၇၅	**၁၀၁၄၇၅**	(+) ၈	#	#		၂၇၃၇၅	**၂၇၂၅၀**	(-) ၀.၅	*	*	
ပဲလွန်းပြာ	*	*		၆၁၀၈၃	**၇၄၂၅၀**	(+) ၂၁.၆	*	*		*	*	
ထောပတ်ပဲ (ကြီး)	၆၄၆၁၃	**၆၄၅၀၀**	(-) ၀.၂	၅၈၄၅၈	**၅၅၆၂၅**	(-) ၄.၉	*	*		*	*	
ထောပတ်ပဲ (သေး)	*	*		၅၁၆၂၅	**၅၃၅၆၃**	(+) ၃.၈	၁၉၁၂၅	**၁၈၇၅၀**	(-) ၂	၈၈၁	**၉၁၉**	(+) ၄.၃
မြေထောက်ပဲ	*	*		၉၁၈၉၆	**၉၃၂၅၀**	(+) ၁.၅	*	*		*	*	
ကုလားပဲ (လုံးဖြူကြီး)	*	*		၇၄၃၇၅	**၇၃၄၈**	(-) ၁.၃	၂၄၃၇၅	**၂၄၃၀၀**	(-) ၀.၃	၁၂၆၅	**၁၂၄၈**	(-) ၁.၃
ကုလားပဲ (လုံးဝါကြီး)	၁၂၅၆	**၁၂၇၀**	(+) ၁.၁	၆၇၀၀၀	**၆၈၀၀၀**	(+) ၁.၅	၂၄၇၅၀	**၂၄၅၀၀**	(-) ၁	၁၂၂၉	**၁၂၂၅**	(-) ၀.၄
ကုလားပဲ (ခြမ်းဝါ)	*	*		၁၇၀၀	**၁၆၈၃**	(-) ၁	*	*		*	*	
ပဲကြီး (ကြီး)	*	*		၈၈၁၂၅	**၈၅၈၃၃**	(-) ၂.၆	၂၈၆၂၅	**၂၈၂၅၀**	(-) ၁.၃	*	*	
ပဲကြီး (သေး)	*	*		၆၇၅၄၂	**၆၆၅၆၃**	(-) ၁.၅	၂၄၈၅၅	**၂၄၁၂၅**	(-) ၃	*	*	
ဘိုကိတ်	၇၂၀၃၈	**၇၆၂၃၈**	(+) ၅.၈	*	*		၂၃၀၀၀	**၂၄၈၇၅**	(+) ၈.၂	*	*	

(*) ဈေးနှုန်းကောက်ယူခြင်းမရှိပါ။(#) ဈေးကွက်သို့ဝင်ရောက်မှုမရှိပါ။ (~) ယခင်လနှင့် ဈေးတူ။

ရန်ကုန် - မတ်ပဲ (RC)၊ ပဲစဉ်းငုံ (RC) (MT)၊ ပဲတီရွှေဝါ/ပဲပုပ်(မြန်မာ) (၆၀ ပိသာ)၊ ပဲလွန်းဖြူ၊ ထောပတ်ပဲ(ကြီး)၊ ဘိုကိတ်၊ ကုလားပဲ (လုံးဝါကြီး)(၀ိသာ)

မန္တလေး - မတ်ပဲ (ပြည်တွင်း)(၆၀ ပိသာ)၊ ထောပတ်ပဲ (ကြီး/သေး)၊ကုလားပဲ (လုံးဝါကြီး) (၅၆.၂၅ ပိသာ)၊ကုလားပဲ (လုံးဖြူကြီး) (၅၇.၂၅ ပိသာ)ကုလားပဲ (ခြမ်းဝါ) (ပိသာ)၊ ပဲလွန်းပြာ၊ မြေထောက်ပဲ(၅၄ ပိသာ)၊ ပဲလွန်းဖြူ၊ ပဲစဉ်းငုံ(နီ)(၆၀ပိသာ)၊ ပဲပုပ်(မြန်မာ/ရှမ်း) (၅၃ ပိသာ)

ပြည် - ပဲအမျိုးအစားအားလုံး(၂၀ ပိသာ)

မြင်းခြံ - ပဲအမျိုးအစားအားလုံး(ပိသာ)

ဈေးကွက်အလိုက်ပဲမျိုးစုံဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်)

အမျိုးအစား	ပခုက္ကူ			မုံရွာ			တောင်ကြီး			အောင်ပန်း		
	မေ	ဇွန်	ခြားနား ချက်%	မေ	ဇွန်	ခြားနား ချက်%	မေ	ဇွန်	ခြားနား ချက်%	မေ	ဇွန်	ခြားနား ချက်%
မတ်ပဲ(ပြည်တွင်း)	*	*		၂၉၃၅၅	**၂၉၂၅၀**	(-) ၀.၄	*	*		*	*	
ပဲတီစိမ်း(ကြီး)	၁၉၅၁	**၁၈၂၀**	(-) ၆.၇	၃၇၁၇၅	**၃၄၈၀၀**	(-) ၆.၄	*	*		*	*	
ပဲတီစိမ်း(သေး)	#	#		၃၂၁၂၅	**၃၁၂၅၀**	(-) ၂.၇	*	*		*	*	
ပဲစင်းငုံ (နီ)	၁၁၇၀	**၁၃၅၄**	(+) ၁၅.၇	၂၄၄၅၀	**၂၄၄၇၅**	(+) ၄.၄	၁၁၂၁	**၁၁၇၉**	(+)၅.၂	၁၀၆၃	**၁၂၅၀**	(+)၁၇.၇
ပဲပုပ်(ရှမ်း)	*	*		*	*		၁၂၃၈	**၁၂၀၀**	(-) ၃	#	#	
ပဲပုပ်(မြန်မာ)	*	*		၂၀၀၀၀	**၂၀၀၇၅**	(+) ၀.၄	*	*		*	*	
ပဲလွန်းပြာ	#	#		၂၀၀၀၀	**၁၉၈၇၅**	(-) ၀.၆	*	*		*	*	
ထောပတ်ပဲ(ကြီး)	၉၀၄	**၉၄၁**	(+) ၄	၁၆၉၇၅	**၁၇၄၀၀**	(+) ၂.၅	*	*		*	*	
မြေထောက်ပဲ	*	*		၂၈၆၈၈	**၂၈၃၇၅**	(-) ၁.၁	*	*		*	*	
ကုလားပဲ (လုံးဖြူကြီး)	၁၂၇၃	**၁၂၈၅**	(+) ၀.၉	၂၄၇၀၀	**၂၄၅၂၅**	(-) ၀.၇	*	*		*	*	
ကုလားပဲ (လုံးဖြူသေး)	*	*		၂၃၀၂၅	**၂၃၂၀၀**	(+) ၀.၈	*	*		*	*	
ကုလားပဲ (လုံးဝါကြီး)	၁၂၁၆	**၁၂၂၈**	(+) ၁	၂၂၄၀၀	**၂၂၃၀၀**	(-) ၀.၅	*	*		*	*	
ကုလားပဲ (လုံးဝါသေး)	*	*		၂၄၄၀၀	**၂၄၂၅၀**	(-) ၀.၆	*	*		*	*	
ပဲယင်း	#	#		၁၇၈၇၅	**၁၇၄၃၈**	(-) ၂.၅	*	*		*	*	
ပဲကြီး (ကြီး)	#	#		၂၄၇၅၀	**၂၃၈၁၃**	(-) ၃.၈	*	*		*	*	
စားဆော်ပဲ (ဒေသ)	#	#		၂၀၅၀၀	**၂၃၂၅၀**	(+) ၁၃.၄	*	*		*	*	

(*) ဈေးနှုန်းကောက်ယူခြင်းမရှိပါ။ (#) ဈေးကွက်သို့ဝင်ရောက်မှုမရှိပါ။ (~) အရောင်းအဝယ်မဖြစ်ပါ။

ပခုက္ကူ - ပဲအမျိုးအစားအားလုံး(ပိသာ)

မုံရွာ - မတ်ပဲ၊ပဲပုပ်၊ ပဲစဉ်းငုံ(နီ)၊ မြေထောက်ပဲ(၂၀ပိသာ)၊ ထောပတ်ပဲ(ကြီး) (၁၈ ပိသာ)၊ ပဲတီစိမ်း(ကြီး/သေး)၊ကုလားပဲ (လုံးဝါကြီး) (လုံးဖြူကြီး) (လုံးဖြူသေး)၊ ပဲလွန်းပြာ၊ ပဲယင်း၊ ပဲကြီး(ကြီး) (၁၉ ပိသာ)၊

တောင်ကြီး - ပဲပုပ် (ရှမ်း) (ပိသာ)

- **မတ်ပဲ (သဘော်တင်နှင့် ပြည်တွင်း)** တို့မှာ အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တို့မှ ဝယ်လိုအားရှိခြင်း၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုရှိလာခြင်း၊ ပဲလက်ကျန်နည်းခြင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့မှ ရောင်းလိုအားနည်းခြင်း၊ ဝယ်ဈေးမြင့်ခြင်း၊ ဈေးကွက်မျှော်လင့်ချက်ဖြင့် ဈေးထိမ်းရောင်းချမှုရှိခြင်းတို့ကြောင့် ဈေးကွက်များတွင် (၁.၃) ရာခိုင်နှုန်းမှ (၄.၁) ရာခိုင်နှုန်းအတွင်း ဈေးမြင့်ခဲ့သည်။ **ပဲတီရွေဝါ**မှာ ရန်ကုန် ဈေးကွက်တွင် ပင်လယ်ရေကြောင်းမှ တင်ပို့ရမှုနည်းခြင်း၊ တရုတ်ဝယ်လက်မှ ဈေးချဝယ်ယူမှုရှိခြင်း၊ ကပ်ရောဂါဆိုင်ရာ အကန့်အသတ်များကြောင့် သယ်ယူစရိတ်အနည်းငယ်မြင့်ခြင်း၊ တောင်သူများမှ ရောင်းလိုအားများခြင်းတို့ကြောင့် ယခင်လထက် (၂.၆) ရာခိုင်နှုန်း ဈေးနိမ့်ခဲ့ပြီး မန္တလေးဈေးကွက်တွင် လက်ကျန်နည်းခြင်း၊ ပစ္စည်းရှားခြင်း၊ အသစ်ဝင်ရောက်မှုမရှိသေးခြင်းတို့ကြောင့် ပဲတီရွေဝါမှာ ယခင်လထက် (၀.၃) ရာခိုင်နှုန်း ဈေးမြင့်ခဲ့သည်။

- **ပဲတီစိမ်း (ကြီး)** မှာ ပြည်ပတင်ပို့ရန် ကုန်သည်လှောင်လက်များမှ ဝယ်လိုအားရှိသော်လည်း သီးနှံပေါ်ချိန် ဈေးချဝယ်ယူမှုရှိခြင်းကြောင့် ယခင်လထက် (၆.၄) ရာခိုင် နှုန်းမှ (၆.၇) ရာခိုင်နှုန်းအတွင်းနှင့် **ပဲတီစိမ်း (သေး)** မှာ မိုးကြိုရေသွင်းစိုက်ပဲများ ဝင်ရောက်မှုများခြင်း၊ ကုန်သည်မှဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်လထက် (၂.၇) ရာခိုင်နှုန်းမှ (၁၀.၇) ရာခိုင်နှုန်းအတွင်း အသီးသီး ဈေးနိမ့်ခဲ့သည်။ **ပဲတီစိမ်း (အညာ)** မှာ ရန်ကုန်မှ ဝယ်လိုအားရှိသော်လည်း မတ္တရာ၊ ပခုက္ကူ၊ ရေစကြိုနှင့် မြောင်တို့မှ ဝင်ရောက်မှုများခြင်း၊ ထွက်ရှိရာဒေသအလိုက် အရည်အသွေးကွာခြားမှုရှိခြင်းတို့ကြောင့် ယခင်လထက် (၃.၇) ရာခိုင်နှုန်း ဈေးနိမ့်ခဲ့သည်။ **ပဲစင်းငုံ (နီ၊သဘော်တင်)** တို့မှာ ပြည်တွင်း၌ပဲလက်ကျန်နည်းခြင်း၊ အိန္ဒိယမှဝယ်လိုအားရှိခြင်း၊ ပဲခွဲစက်များမှဝယ်ယူမှုရှိခြင်း၊ မိုးပဲများစိုက်ပျိုးထားချိန်ဖြစ်ခြင်းတို့ကြောင့် ယခင်လထက် (၂.၇) ရာခိုင် နှုန်းမှ (၁၇.၇) ရာခိုင်နှုန်းအတွင်း ဈေးမြင့်ခဲ့သည်။
- **ကုလားပဲ**များကို ရန်ကုန်နှင့် မန္တလေးဈေးကွက်များတွင် အရောင်းအဝယ်အေးခြင်း၊ ကြိတ်ခွဲစက်များမှ ပုံမှန်ဝယ်လိုအားသာရှိခြင်း၊ ဈေးကွက်သို့ဝင်ရောက်မှုများခြင်းတို့ကြောင့် ဈေးကွက်များတွင် ယခင်လထက် (၀.၃) ရာခိုင်နှုန်းမှ (၁.၃) ရာခိုင်နှုန်း အတွင်း ဈေးနိမ့်ခဲ့သည်။

၂၀၁၉-၂၀၂၀ ခုနှစ် ရန်ကုန်နှင့်မန္တလေး ပဲဈေးနှုန်းပြောင်းလဲမှုအခြေအနေ



၂၀၁၉-၂၀၂၀ ခုနှစ် ရန်ကုန်နှင့်မန္တလေး ပဲဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်/ ပိသာ)

နှစ်	လ	ရန်ကုန်			မန္တလေး		
		မတ်ပဲ(သဘော်တင်)	ပဲတီရွှေဝါ	ပဲစင်းငုံ(သဘော်တင်)	မတ်ပဲ	ပဲတီစိမ်း(ရွှေဝါ)	ပဲစင်းငုံ(နီ)
၂၀၁၉	ဧန်	၁၁၇၇	၁၇၆၅	၁၂၂၅	၁၁၇၁	၁၈၉၃	၁၂၉၁
	ဖေ	၁၀၁၀	၁၈၁၄	၁၁၆၇	၁၀၅၃	၂၂၀၂	၁၂၉၆
	မတ်	၁၀၁၀	၁၇၇၂	၁၁၈၆	၁၁၄၆	၂၁၈၀	၁၂၉၅
	ဧပြီ	၁၂၄၀	၁၇၄၆	၁၃၅၈	၁၂၃၁	၂၁၃၃	၁၄၅၈

	မေ	၁၃၈၂	၁၈၇၃	၁၅၃၁	၁၃၁၈	၂၀၈၅	၁၆၂၂
	ဇွန်	၁၄၁၅	၁၈၆၉	၁၅၃၆	၁၃၂၈	၁၈၉၃	၁၇၀၆
	ဇူ	၁၃၃၂	၁၉၁၆	၁၅၂၄	၁၃၀၃	၁၉၆၄	၁၆၃၃
	ဩ	၁၂၄၉	၁၈၅၄	၁၄၉၃	၁၂၃၀	၂၀၂၇	၁၅၅၀
	စက်	၁၂၄၅	၁၈၆၃	၁၃၅၅	၁၂၃၈	၂၀၂၇	၁၄၄၄
	အောက်	၁၄၉၄	၁၈၄၀	၁၃၃၉	၁၃၄၄	၂၀၂၇	၁၃၉၃
	နိုဝ	၁၉၀၈	၁၉၇၅	၁၃၂၉	၁၆၂၀	၂၀၂၇	၁၄၄၄
	ဒီ	၁၇၁၈	၁၉၈၉	#	၁၆၁၃	၂၀၆၅	၁၁၆၇
၂၀၂၀	ဇန်	၁၈၅၇	၁၉၉၅	၁၁၈၀	၁၇၃၄	၂၁၆၅	၁၁၄၉
	ဖေ	၁၆၃၉	၁၉၃၈	၁၁၅၉	၁၅၈၀	၂၁၂၄	၁၀၂၃
	မတ်	၁၄၃၈	၁၈၁၄	၁၁၄၉	၁၄၃၃	၁၈၉၂	၁၀၃၁
	ဧပြီ	၁၅၆၆	၁၇၈၇	၁၂၆၆	၁၅၄၂	၂၁၄၄	၁၁၆၂
	မေ	၁၅၆၇	၁၉၄၁	၁၂၄၉	၁၄၉၃	၂၀၉၁	၁၁၇၀
	ဇွန်	**၁၅၉၂**	**၁၈၉၁**	**၁၂၈၅**	**၁၅၅၄**	**၁၉၃၀**	**၁၂၁၁**

ဇစ်မြစ်။ MIS (YGN & MDY), **MT = ၆၁၂.၃၉ ပိဿာ** (#) ဈေးကွက်သို့ဝင်ရောက်မှုမရှိပါ။

ရန်ကုန်- မတ်ပဲ(သင်္ဘာတင်)(**MT**) ၊ပဲစင်းငုံ(သင်္ဘာတင်)(**MT**)၊ ပဲတီရွေဝါ(၃တင်း)(၆၀ပိဿာ)

မန္တလေး- မတ်ပဲ(၃တင်း)(၆၀ပိဿာ) ၊ ပဲတီစိမ်း(ရွေဝါ)(၃တင်း)(၅၆.၂၅ပိဿာ) ၊ ပဲစင်းငုံ(၃တင်း)(၆၀ပိဿာ)

မတ်ပဲနှင့်ပဲစင်းငုံ ပြည်ပတင်ပို့မှုအခြေအနေ

(၂၀၁၉ ခုနှစ် အောက်တိုဘာလ (၁) ရက်မှ ၂၀၂၀ ပြည့်နှစ် ဇွန်လ (၂၆) ရက်နေ့ထိ)

ကုန်စည်	တန်ချိန်	တန်ဖိုး(အမေရိကန်ဒေါ်လာသန်းပေါင်း)
မတ်ပဲ	၄၈၁၁၃၃.၂၉၄	၃၅၀.၉၂၆
ပဲစင်းငုံ	၄၃၁၂၃.၇၀၉	၂၃.၉၈၆

ဇစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

****

"စားဖိုဆောင်သီးနှံ"

ငရုတ်ခြောက်

မန္တလေးတိုင်းဒေသကြီးတွင် မိုးငရုတ်များစတင်စိုက်ပျိုးလျက်ရှိပြီး နွေစိုက်**ငရုတ်**များ ရိတ်သိမ်းသောကာလ ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်း**ငရုတ်**များ သိုလှောင်ရောင်းဝယ်ချိန်ကာလ ဖြစ်သည်။

ဈေးကွက်အလိုက် ငရုတ်ခြောက်ဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်/ပိဿာ)

ဈေးကွက်အမည်	ကာလနှင့်ခြားနားချက်(%)	အမျိုးအစားအလိုက်ဈေးနှုန်း		
		ငရုတ်ခြောက်(ရှည်)	ငရုတ်ခြောက်(လတ်)	ငရုတ်ခြောက်(ပွ)
ရန်ကုန်	မေ	၂၆၈၈	၃၂၅၀	၅၅၆၃
	ဇွန်	**၂၇၅၆**	**၃၄၅၀**	**၅၂၀၀**
	ခြားနားချက်(%)	(+) ၂.၆	(+) ၆.၂	(-) ၆.၅
မန္တလေး	မေ	၃၉၇၅	၃၃၆၃	၇၂၅၀
	ဇွန်	**၃၈၇၉**	**၂၉၃၃**	**၇၅၀၀**
	ခြားနားချက်(%)	(-) ၂.၄	(-) ၁၂.၈	(+) ၃.၅
ပြည်	မေ	၄၅၀၀	၅၀၀၀	၅၂၇၅
	ဇွန်	**၃၁၂၅**	**၃၅၀၀**	**၅၁၀၀**
	ခြားနားချက်(%)	(-) ၃၀.၆	(-) ၃၀	(-) ၃.၃
မော်လမြိုင်	မေ	၂၉၆၃	၃၅၂၅	၄၂၀၀
	ဇွန်	**၂၉၀၀**	**၃၂၈၈**	**၃၄၃၈**
	ခြားနားချက်(%)	(-) ၂.၁	(-) ၆.၇	(-) ၁၈.၂
နေပြည်တော်	မေ	၅၆၀၀	၆၉၄၀	၉၄၀၀
	ဇွန်	**၅၃၇၅**	**၇၃၇၅**	**၁၀၀၀၀**
	ခြားနားချက်(%)	(-) ၄	(+) ၆.၃	(+) ၆.၄

- **ရန်ကုန်ဈေးကွက်**တွင် ငရုတ်ခြောက်(ရှည်)မှာ ဟင်္သာတနှင့် မြစ်ဝကျွန်းပေါ်ဒေသများမှ ဈေးကွက်သို့ ဝင်ရောက်မှုနည်းလာခြင်း၊ ငရုတ်ခြောက်(လတ်)မှာ ဈေးကွက်သို့ ဝင်ရောက်မှုမရှိသလောက်နည်းခြင်း၊ စားသုံးသူများမှ ဝယ်လိုအားရှိလာခြင်းတို့ကြောင့် ဈေးမြင့်ခဲ့ပြီး ငရုတ်ခြောက် (ပွ) မှာ ဧရာဝတီတိုင်းဒေသကြီးမှ အသေးစနှင့် အလတ်စများ ဝင်ရောက်မှုရှိခြင်း၊ ဆင်ဖြူကျွန်းမှ အရည်အသွေးကောင်းသော ငရုတ်များဝင်ရောက်လာသော်လည်း စားသုံးသူဝယ်လိုအားနည်းခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။
- **မန္တလေးဈေးကွက်**တွင် ငရုတ်ခြောက်(ရှည်)မှာ ဧရာဝတီငရုတ်များ ရာသီကုန်ချိန်ဖြစ်သော်လည်း ကျောက်ဆည်၊ မြစ်သားတို့မှ ငရုတ်အသစ်များ ဝင်ရောက်မှုရှိခြင်း၊ ငရုတ်ခြောက်(လတ်) အသစ်များ ကသာ၊ ထီးချိုင့်၊ ပခုက္ကူနှင့် စစ်ကိုင်းတို့မှ ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိခြင်း၊ ဗန်းမော်၊ မိုးကောင်းနှင့် ဖားကန့်ဒေသများသို့ တင်ပို့ရမှုနည်းခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့ပြီး ငရုတ်ခြောက် (ပွ)မှာ ဧရာဝတီတိုင်းဒေသကြီးမှသာ ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။
- **ပြည်ဈေးကွက်**တွင် ငရုတ်ခြောက်(ရှည်) မှာ ညောင်တုန်း၊ ညောင်ရမ်းနှင့် ဝါးခယ်မတို့မှ ဝင်ရောက်မှုရှိခြင်း၊ ထွက်ရှိရာဒေသတွင် ဝယ်ဈေးနိမ့်ခြင်း၊ ငရုတ်ခြောက်(လတ်)မှာ ရခိုင်သို့တင်ပို့မှုရှိသော်လည်း နတ်မောက်၊ ညောင်ရမ်း နှင့် ညောင်တုန်းတို့မှ ဝင်ရောက်မှုရှိခြင်း၊ ဝယ်ဈေးနိမ့်ခြင်း၊ ငရုတ်ခြောက်(ပွ)မှာ ဗီယက်နမ်ပွနှင့် စကပွများ ဝင်ရောက်မှုရှိခြင်း၊ ရခိုင်သို့ တင်ပို့ရမှုနည်းခြင်း၊ စားသုံးသူ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ငရုတ်ခြောက် အမျိုးအစားအားလုံးအသီးသီး ဈေးနိမ့်ခဲ့သည်။

- **မော်လမြိုင်ဈေးကွက်**တွင် ဧရာဝတီမှ ငရုတ်ခြောက် (ရှည်)များ ပုံမှန်ဝင်ရောက်မှုရှိခြင်း၊ ဝယ်ဈေးနိမ့်ခြင်း၊ နောက်ဆုံးပတ်တွင် ထိုင်းနိုင်ငံမှဝင်ရောက်လာခြင်း၊ ငရုတ်ခြောက် (လတ်)မှာ ဧရာဝတီနှင့် နယ်စုံမှဝင်ရောက်မှုရှိပြီး နောက်ဆုံးပတ်တွင် ဟင်္သာတတစ်မျိုးတည်းသာ ဝင်ရောက်မှုရှိသော်လည်း လဆန်းပိုင်းတွင် ဝင်ရောက်မှုများခဲ့ခြင်း၊ ငရုတ်ခြောက် (ပွ) မှာ တရုတ်မှ တတိယပတ်အထိဝင်ရောက်မှုရှိပြီး နောက်ဆုံးပတ်တွင် စက (ပွ) နှင့် ဗီယက်နမ် (ပွ) များဝင်ရောက်လာခြင်းတို့ကြောင့် ယခင်လထက် ဈေးအသီးသီးနိမ့်ခဲ့သည်။
- **နေပြည်တော်ဈေးကွက်**တွင် ငရုတ်ခြောက် (ရှည်) မှာ ဝယ်ဈေးနိမ့်ခြင်း၊ စားသုံးသူဝယ်လိုအားနည်းခြင်းကြောင့် ဈေးနိမ့်ခဲ့ပြီး ပျော်ဘွယ်မှ ဝင်ရောက်လာသော ငရုတ်ခြောက် (လတ်) မှာ အသစ်များဖြစ်ခြင်း၊ အရည်အသွေးကောင်းခြင်း၊ အောင်ပန်းမှ ငရုတ်ခြောက် (ပွ) များ မိုးရွာသွန်းမှုများခြင်းကြောင့် ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်း၊ ဝယ်ဈေးမြင့်ခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။

ကြက်သွန်နီ

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ဆောင်းနှင့်နွေစိုက် **ကြက်သွန်နီ**များ ရိတ်သိမ်းပြီးချိန်ဖြစ်၍ သိုလှောင်ရောင်းဝယ်ချိန် ကာလဖြစ်သည်။

ဈေးကွက်အလိုက် ကြက်သွန်နီ ဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်/ viss)

ဈေးကွက်အမည်	ကာလနှင့်ခြားနားချက်(%)	အမျိုးအစားအလိုက်ဈေးနှုန်း		
		ကြက်သွန်နီ (ထူး)	ကြက်သွန်နီ (လတ်)	ကြက်သွန်နီ (သေး)
ရန်ကုန်	မေ	၄၈၅	၅၄၁	၄၆၉
	ဇွန်	**၅၈၈**	**၆၁၆**	**၅၂၅**
	ခြားနားချက်(%)	(+) ၂၁.၃	(+) ၁၃.၉	(+) ၁၂
မန္တလေး	မေ	၆၂၅	၅၆၃	၄၈၁
	ဇွန်	**၅၃၈**	**၄၈၈**	**၄၁၃**
	ခြားနားချက်(%)	(-) ၁၄	(-) ၁၃.၃	(-) ၁၄.၃
ပြည်	မေ	၅၆၃	၅၃၈	၄၆၃
	ဇွန်	**၅၅၅**	**၅၄၄**	**၄၀၀**
	ခြားနားချက်(%)	(+) ၂.၂	(+) ၁.၂	(-) ၁၃.၅
မော်လမြိုင်	မေ	၆၂၅	၄၅၆	၃၆၉
	ဇွန်	**၅၀၆**	**၄၅၆**	**၄၀၀**
	ခြားနားချက်(%)	(-) ၁၉	~	(+) ၈.၅
မြင်းခြံ	မေ	၄၇၀	၃၉၄	၃၁၃
	ဇွန်	**၄၃၈**	**၃၈၆**	**၃၁၉**
	ခြားနားချက်(%)	(-) ၆.၉	(-) ၂	(+) ၂
ပခုက္ကူ	မေ	၄၄၇	၄၆၃	၃၃၈
	ဇွန်	**၄၁၂**	**၄၄၅**	**၃၁၃**
	ခြားနားချက်(%)	(-) ၇.၈	(-) ၃.၈	(-) ၇.၄
နေပြည်တော်	မေ	၇၆၀	၆၆၀	၅၆၀
	ဇွန်	**၇၃၈**	**၆၀၀**	**၅၀၀**
	ခြားနားချက်(%)	(-) ၃	(-) ၉.၁	(-) ၁၀.၇
လားရှိုး	မေ	၈၂၅	၇၇၅	၇၂၅
	ဇွန်	**၇၃၈**	**၆၈၈**	**၆၀၀**
	ခြားနားချက်(%)	(-) ၁၀.၆	(-) ၁၁.၃	(-) ၁၇.၂

(~) ယခင်လနှင့် ဈေးတူ။

- **ရန်ကုန်ဈေးကွက်**တွင် ပြည်တွင်းစားသောက်ဆိုင်လုပ်ငန်းအချို့ ပြန်လည်ဖွင့်လှစ်လာခြင်း၊ အရောင်းအဝယ်သွက်လာခြင်း၊ ထွက်ရှိရာဒေသတွင် တရုတ်ဝယ်လက်အချို့ အနည်းငယ်ဝယ်ယူမှုရှိခြင်း၊ ဈေးကွက်သို့ ဝင်ရောက်မှုများသော်လည်း စားသုံးသူများမှ ပုံမှန်ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်လထက် ကြက်သွန်နီ အရွယ်အစားအားလုံး ဈေးမြင့်ခဲ့သည်။

- **မန္တလေးဈေးကွက်**တွင် ဈေးကွက်သို့ နယ်စုံမှဝင်ရောက်မှုများခြင်း၊ တရုတ်မှ ဈေးချဝယ်ယူမှုရှိခြင်း၊ မြို့တွင်းသုံးစွဲမှုသာရှိခြင်း၊ တောင်သူများမှ ချေးငွေပြန်ဆပ်ရန် ထုတ်ရောင်းမှုများခြင်း၊ ဘင်္ဂလားဒေ့ရှ်မှ ဝယ်လိုအားမရှိခြင်းတို့ကြောင့် ယခင်လထက် ကြက်သွန်နီအမျိုးအစားအားလုံး ဈေးနိမ့်လျက်ရှိသည်။

- **ပြည်ဈေးကွက်**သို့ အောင်လံ၊ ဆိတ်ဖြူ၊ ရေနံချောင်းနှင့် မင်းတုန်းတို့မှ ကြက်သွန်နီ ဝင်ရောက်မှုရှိပြီး ကြက်သွန်နီ (ကြီးနှင့် လတ်) မှာ စားသုံးသူကြိုက်နှစ်သက်မှုရှိခြင်းကြောင့် ဈေးမြင့်ခဲ့ပြီး ကြက်သွန်နီ (သေး) မှာ အရောင်းအဝယ်အေးခြင်းကြောင့် ဈေးနိမ့်ခဲ့သည်။

- **မော်လမြိုင်ဈေးကွက်**သို့ မြင်းခြံ၊ မုံရွာ၊ မြစ်သား၊ တောင်တွင်းကြီး၊ ပခုက္ကူနှင့် ဒေသစုံမှ ကြက်သွန်နီများ ဝင်ရောက်မှုရှိပြီး ကြက်သွန်နီ (ကြီး) ကို စားသုံးသူကြိုက်နှစ်သက်မှုနည်းခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့ပြီး ကြက်သွန်နီ (သေး) မှာ နယ်မှဝယ်လိုအားရှိခြင်း၊ စားသုံးသူဝယ်လိုအားရှိခြင်းတို့ကြောင့် ဈေးအနည်းငယ်မြင့်ခဲ့သည်။

- **မြင်းခြံဈေးကွက်**တွင် နွေကြက်သွန်နီအသစ်များ ဈေးကွက်သို့ ဝင်ရောက်မှုများခြင်း၊ ကုန်သည်လှောင်လက်နှင့် ရန်ကုန်၊ မော်လမြိုင်၊ နေပြည်တော်၊ မူဆယ်စသည့်ဒေသများမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ကြက်သွန်နီ (ကြီးနှင့် လတ်) မှာ ဈေးနိမ့်ခဲ့ပြီး ကြက်သွန်နီ (သေး) မှာ စားသုံးသူကြိုက်နှစ်သက်မှုများခြင်းကြောင့် ဈေးအနည်းငယ်မြင့်ခဲ့သည်။

- **ပခုက္ကူဈေးကွက်**တွင် ပခုက္ကူ၊ ပုလဲနှင့် ပေါက်နယ်တို့မှ ပျိုးစိုက်၊ ဆောင်းစိုက်နှင့် သဲချောင်းစိုက် ကြက်သွန်နီများဝင်ရောက်မှုရှိခြင်း၊ ပြည်တွင်းဝယ်လိုအားသာရှိခြင်း၊ တောင်သူထံလက်ကျန်များခြင်း၊ ရောင်းလိုအားများခြင်းတို့ကြောင့် ကြက်သွန်နီ အမျိုးအစားအားလုံး ဈေးနိမ့်ခဲ့သည်။

- **နေပြည်တော်ဈေးကွက်**တွင် ဒေသစုံမှ ကြက်သွန်နီများ ဝင်ရောက်မှုရှိခြင်း၊ ဝယ်ဈေးနိမ့်ခြင်း၊ ရောင်းလိုအားများခြင်း၊ စားသုံးသူ ပုံမှန်ဝယ်လိုအားသာရှိခြင်းတို့ကြောင့် ကြက်သွန်နီ အမျိုးအစားအားလုံး ဈေးနိမ့်ခဲ့သည်။

- **လားရှိုးဈေးကွက်**တွင် သိန္နီ၊ ကွတ်ခိုင်၊ ဟိုပန်၊ တန့်ယန်းနှင့် ကွမ်းလုံတို့မှ ဝယ်ယူမှုရှိသော်လည်း မန္တလေးမှ ဝယ်ဈေးနိမ့်ခြင်းကြောင့် ကြက်သွန်နီ အရွယ်အစားအားလုံး သိသာစွာနိမ့်ခဲ့သည်။

ကြက်သွန်ဖြူ

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသများတွင် **ကြက်သွန်ဖြူ**များ ရိတ်သိမ်းပြီး၍ သိုလှောင်ရောင်းဝယ်ချိန် ကာလဖြစ်သည်။

ဈေးကွက်အလိုက် ကြက်သွန်ဖြူဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်/ viss)

ဈေးကွက်အမည်	ကာလနှင့် ခြားနားချက်(%)	အမျိုးအစားအလိုက်ဈေးနှုန်း		
		ကြက်သွန်ဖြူ (ရှမ်း)	ကြက်သွန်ဖြူ (ကြူကုတ်)	ကြက်သွန်ဖြူ (မြေပြန့်)
ရန်ကုန်	မေ	၂၀၂၅	၁၅၇၅	*

	ဒွန်	**၁၉၂၅**	**၁၃၁၃**	*
	ခြားနားချက်(%)	(-) ၅	(-) ၁၆.၇	
မန္တလေး	မေ	၂၀၁၇	၁၆၈၈	၂၃၇၅
	ဒွန်	**၁၆၇၅**	**၁၂၃၈**	**၂၅၇၉**
	ခြားနားချက်(%)	(-) ၁၇	(-) ၂၆.၇	(+) ၈.၆
ပြည်	မေ	၃၂၅၀	၃၀၀၀	#
	ဒွန်	**၁၉၀၀**	**၁၅၂၀**	#
	ခြားနားချက်(%)	(-) ၄၁.၅	(-) ၄၉.၃	
မော်လမြိုင်	မေ	၁၈၃၈	၁၈၇၅	*
	ဒွန်	**၁၈၅၀**	**၁၄၁၉**	*
	ခြားနားချက်(%)	(+) ၀.၇	(-) ၂၄.၃	
တောင်ကြီး	မေ	၁၁၄၂	၂၃၈၈	*
	ဒွန်	**၁၁၀၀**	**၂၃၅၄**	*
	ခြားနားချက်(%)	(-) ၃.၆	(-) ၁.၄	
အောင်ပန်း	မေ	၁၈၇၅	*	*
	ဒွန်	**၂၀၈၀**	*	*
	ခြားနားချက်(%)	(+) ၁၁		
နေပြည်တော်	မေ	၂၈၀၀	၃၀၂၀	*
	ဒွန်	**၂၅၀၀**	**၂၅၀၀**	*
	ခြားနားချက်(%)	(-) ၁၀.၇	(-) ၁၇.၂	
လားရှိုး	မေ	၁၈၅၀	၁၉၇၅	*
	ဒွန်	**၁၈၅၀**	**၁၅၅၀**	*
	ခြားနားချက်(%)	~	(-) ၂၁.၅	

(*)ဈေးနှုန်းကောက်ယူခြင်းမရှိပါ။ (~) ယခင်လနှင့်ဈေးတူ။

- **ရန်ကုန်ဈေးကွက်**တွင် နယ်စပ်ဂိတ်များပိတ်ထားခြင်းကြောင့် ရှမ်းကြက်သွန်ဖြူများ ဈေးကွက်သို့ ဝင်ရောက်မှုများခြင်း၊ အရောင်းအဝယ်အေးခြင်း၊ ကြူကုတ်ကြက်သွန်ဖြူမှာ တရုတ်ပြည်တွင်း၌ အအေးခန်းဖြင့် သိုလှောင်ထားသော ကြက်သွန်ဖြူအဟောင်းများ လက်ကျန်များခြင်းကြောင့် ရောင်းလိုအားများခြင်း၊ ကြက်သွန်ဖြူအသစ်များ ထပ်မံဝင်ရောက်လာခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်လထက် ဈေးအသီးသီး နိမ့်ခဲ့သည်။

- **မန္တလေးဈေးကွက်**တွင် ရှမ်းကြက်သွန်ဖြူများမှာ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိခြင်း၊ ကြူကုတ်ကြက်သွန်ဖြူမှာ တရုတ်မှဝင်ရောက်မှုများခြင်း၊ ရောင်းလိုအားများခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့ပြီး မြေပြန့် ကြက်သွန်ဖြူမှာ အရည်အသွေးကောင်းခြင်း၊ စားသုံးသူ ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။

- **ပြည်ဈေးကွက်**တွင် အောင်ပန်းမှ ရှမ်းကြက်သွန်ဖြူများနှင့် ကြူကုတ်ကြက်သွန်ဖြူမှာ ရန်ကုန်နှင့် မန္တလေးတို့မှ ဝင်ရောက်မှုရှိပြီး အရောင်းအဝယ်အေးခြင်း၊ ဝယ်ဈေးနိမ့်ခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။

- **မော်လမြိုင်ဈေးကွက်**တွင် ရှမ်းကြက်သွန်ဖြူမှာ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိခြင်း၊ စားသုံးသူဝယ်လိုအားရှိခြင်းကြောင့် ဈေးအနည်းငယ်မြင့်ခဲ့ပြီး ကြူကုတ်ကြက်သွန်ဖြူမှာ အသစ်များမှာ အစိုဓါတ်ပါဝင်မှုရှိခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။

- **တောင်ကြီးဈေးကွက်**တွင် ရှမ်းကြက်သွန်ဖြူများ ဝင်ရောက်မှုများခြင်း၊ အရည်အသွေးနိမ့်လာခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်လျက်ရှိသည်။

- **အောင်ပန်းဈေးကွက်**တွင် တောင်သူများမှ ရောင်းလိုအားနည်းခြင်း၊ ဈေးကွက်သို့ဝင်ရောက်မှုနည်းခြင်း၊ ရန်ကုန်နှင့် မန္တလေးဈေးကွက်များမှ ဝယ်လိုအားရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။

- **နေပြည်တော်ဈေးကွက်**သို့ ကြက်သွန်ဖြူ(ရှမ်းနှင့် ကြူကုတ်) တို့မှာ စားသုံးသူပုံမှန်ဝယ်လိုအားသာရှိခြင်း၊ ထွက်ရှိရာဒေသများမှ ဝယ်ဈေးနိမ့်ခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။
- **လားရှိုးဈေးကွက်**တွင် ကြက်သွန်ဖြူ (ရှမ်း) မှာ နယ်ဈေးကွက်များမှ ဝယ်လိုအားမရှိခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးတည်ငြိမ်နေပြီး ကြက်သွန်ဖြူ (ကြူကုတ်) မှာ နယ်စပ်မှဝယ်ဈေးနိမ့်ခြင်း၊ နယ်ဈေးကွက်များမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။

အာလူး

ရှမ်းပြည်နယ်တောင်ပိုင်းဒေသများတွင် ဆောင်းစိုက်**အာလူး**များ ရိတ်သိမ်းပြီးချိန်ဖြစ်ပြီး မိုးအာလူးများ စတင်စိုက်ပျိုးသော ကာလဖြစ်သည်။

ဈေးကွက်အလိုက် အာလူးဈေးနှုန်းပြောင်းလဲမှုအခြေအနေ

(ကျပ်/ပိဿာ)

ဈေးကွက်အမည်	ကာလနှင့်ခြားနားချက်(%)	အမျိုးအစားအလိုက်ဈေးနှုန်း		
		အာလူး(အိုကေ)	အာလူး(အေဝမ်း)	အာလူး(ဆွဲသီး)
ရန်ကုန်	မေ	၆၅၃	၅၀၈	#
	ဇွန်	**၅၉၀**	**၅၆၅**	#
	ခြားနားချက်(%)	(-) ၉.၆	(+) ၁၁.၃	
မန္တလေး	မေ	၇၂၅	၆၃၃	၅၁၃
	ဇွန်	**၈၀၀**	**၇၁၃**	**၅၇၅**
	ခြားနားချက်(%)	(+) ၁၀.၃	(+) ၁၂.၇	(+) ၁၂.၂
ပြည်	မေ	၈၆၃	၇၅၈	၅၆၃
	ဇွန်	**၇၂၀**	**၆၃၈**	**၅၆၃**
	ခြားနားချက်(%)	(-) ၁၆.၅	(-) ၁၅.၈	
မော်လမြိုင်	မေ	၆၀၀	၆၀၀	#
	ဇွန်	၅၅၀	၄၇၅	#
	ခြားနားချက်(%)	(-) ၈.၃	(-) ၂၀.၈	
အောင်ပန်း	မေ	၆၀၀	၅၃၄	၃၉၇
	ဇွန်	**၆၂၆**	**၅၅၁**	**၄၃၆**
	ခြားနားချက်(%)	(+) ၄.၃	(+) ၃.၂	(+) ၁၀
နေပြည်တော်	မေ	၁၀၀၀	၈၆၀	၆၄၀
	ဇွန်	**၁၀၂၅**	**၉၂၅**	**၆၇၅**
	ခြားနားချက်(%)	(+) ၂.၅	(+) ၇.၆	(+) ၅.၅
လားရှိုး	မေ	၈၁၃	*	*
	ဇွန်	**၇၈၈**	*	*
	ခြားနားချက်(%)	(-) ၃.၁		

(*)ဈေးနှုန်းကောက်ယူခြင်းမရှိပါ။

- **ရန်ကုန်ဈေးကွက်**တွင် ဟဲဟိုးအာလူးများနှင့် တရုတ်အာလူးများ ကုန်အဝင်နည်းခဲ့သော်လည်း တရုတ်အာလူးများမှာ အစိုခါတ်ပါဝင်မှုရှိခြင်း၊ အထားမခံခြင်း၊ ရောင်းလိုအားများခြင်းကြောင့် တရုတ်အာလူးများနှင့်အတူ ပြည်တွင်းအာလူးမှာလည်း အရောင်းအဝယ်အေးကြောင့် အာလူး(အိုကေ)မှာ ဈေးနိမ့်ခဲ့ပြီး စားသုံးသူ ကြိုက်နှစ်သက်မှုရှိခြင်းကြောင့် အာလူး (အေဝမ်း)မှာ ဈေးအနည်းငယ် မြင့်ခဲ့သည်။
- **မန္တလေးဈေးကွက်**သို့ ပြင်ဦးလွင်နှင့် အောင်ပန်းတို့မှ ဝင်ရောက်မှုနည်းခြင်း၊ ပစ္စည်းရှားခြင်း၊ တရုတ်အာလူးများ ဝင်ရောက်မှုများပြီး ဈေးနှုန်းသက်သာသောကြောင့် စားသုံးသူဝယ်လိုအားရှိခြင်းသော်လည်း ပြင်ဦးလွင်နှင့်

အောင်ပန်းအာလူးတို့မှာ အမြင့်ဈေးဖြင့် တည်ငြိမ်နေခြင်းကြောင့် ယခင်လထက် အာလူးအမျိုးအစားအားလုံး ဈေးမြင့်ခဲ့သည်။

- **ပြည်ဈေးကွက်**သို့ အောင်လံ၊ တောင်တွင်းကြီးနှင့် ရှမ်းအာလူးများ ဝင်ရောက်မှုရှိပြီး အစိုဓါတ်ပါဝင်မှုရှိခြင်း၊ အထားမခံခြင်း၊ တရုတ်အာလူးဈေးနိမ့်ခြင်းတို့ကြောင့် အာလူးအမျိုးအစားအားလုံး ဈေးနိမ့်ခဲ့သည်။
- **မော်လမြိုင်ဈေးကွက်**တွင် ဆင်ဖြူကျွန်းမှ အာလူးအဖြူသီးများ ပထမပတ်အထိသာဝင်ရောက်မှုရှိပြီး ဒုတိယပတ်မှစ၍ ဟဲဟိုးမြေမဲသီးများ ဈေးကွက်သို့ဝင်ရောက်လာခြင်း၊ အစိုဓါတ်ပါဝင်မှုရှိခြင်းတို့ကြောင့် အာလူးအမျိုးအစားအားလုံး ယခင်လထက် ဈေးနိမ့်ခဲ့သည်။
- **အောင်ပန်းဈေးကွက်**တွင် အာလူးအသစ်များမှာ အရည်အသွေးကောင်းခြင်း၊ ဒေသတွင်းရှိ အကြော်အလှော်လုပ်ငန်းများမှ ဝယ်လိုအားကောင်းခြင်းတို့ကြောင့် အာလူးအမျိုး အစားအားလုံး ဈေးမြင့်လျက်ရှိသည်။
- **နေပြည်တော်ဈေးကွက်**တွင် အောင်ပန်းမှအာလူးအသစ်များ ဝင်ရောက်မှုရှိပြီး ဝယ်ဈေးမြင့်ခြင်းကြောင့် အာလူးအမျိုးအစားအားလုံး ဈေးမြင့်လျက်ရှိသည်။
- **လားရှိုးဈေးကွက်**တွင် နယ်ဈေးကွက်များမှ ဝယ်လိုအားနည်းခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။

****

"ဟင်းသီးဟင်းရွက်"

- **ရန်ကုန်ဈေးကွက်**တွင် **ခရမ်းချဉ်(မြေပြန့်)**မှာ အသီးတုံးချိန်ဖြစ်ခြင်းကြောင့် ခရမ်းချဉ်(ရှမ်း)တစ်မျိုးသာ ဈေးကွက်သို့ အဝင်ရှိခြင်း၊ ယခင်လအတွင်းက ကပ်ရောဂါဆိုင်ရာကန့်သတ်ချက်များကြောင့် အရောင်း အဝယ်အေးကာ ပွဲရုံလက်ကျန်များခဲ့ခြင်း၊ ယခုလအတွက်ကုန်မှာယူမှုနည်းနေခြင်း၊ ထွက်ရှိရာဒေသတွင် ဝယ်ဈေးမြင့်ခြင်း၊ **ဂေါ်ဖီထုပ် (ရှမ်း)** မှာ ကုန်အဝင်နည်းချိန်ဖြစ်ခြင်း၊ မိုးတွင်းကာလဖြစ်၍ အရည်အသွေးကောင်းသော ဂေါ်ဖီထုတ်များအား ဈေးမြှင့်ရောင်းချမှုရှိခြင်း၊ စားသုံးသူများမှ ဝယ်လိုအားကောင်းခြင်း၊ **မုန်လာဥနီ(ရှမ်း)**မှာ ပြည်တွင်း၊ ပြည်ပမှ ကုန်အဝင်နည်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ **ငရုတ်စို(ရှည်၊လတ်)** မှာ ရန်ကုန်အနီးဝန်းကျင်ဒေသ များတွင် အသီးတုံးချိန်ဖြစ်ခြင်းကြောင့် ဈေးကွက်သို့ ကုန်အဝင်နည်းနေခြင်း၊ ပျဉ်းမနားနှင့် တပ်ကုန်းဒေသမှ ကုန်အဝင်ရှိသော်လည်း ဝင်ရောက်မှု နည်းခြင်း၊ **စားပြောင်း**မှာ ဧရာဝတီတိုင်း၊ နေပြည်တော်၊ တပ်ကုန်းတို့မှ ကုန်ဝင်ရောက်မှုမရှိခြင်း၊ **ကျောက်ဖရုံ၊ ရွှေဖရုံ၊ မုန်လာဥဖြူ**တို့မှာ ကုန်အဝင်နည်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ အရွယ်အစားလှပကောင်းမွန်ခြင်း၊ **တညင်းသီး(ခွံချွတ်)**များမှာ ဝယ်ယူစားသုံးမှုများခြင်း၊ တညင်းဝက်ဖောက်ရန်အတွက် ဝယ်ယူရောင်းချမှုရှိခြင်းတို့ကြောင့် အသီးသီး ဈေးမြင့်ခဲ့သည်။
- **ရန်ကုန်ဈေးကွက်**တွင် **ပန်းမုန်လာ(ရှမ်း)**မှာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုနည်းသော်လည်း အရည်သွေးခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။ **သခွားသီး**မှာ ကုန်အဝင်လှိုင်ခြင်း၊ အသေးစ၊ အလတ်စများခြင်း၊ **ခရမ်းသီး၊ ရုံးပတီသီး၊ ဘူးသီး**တို့မှာ ကုန်အဝင်လှိုင်ခြင်း၊ ဝယ်ယူစားသုံးမှုနည်းခြင်း၊ **ဂေါ်ရခါးသီး**များမှာ ကုန်အဝင်လှိုင်ခြင်း၊ အသေးစ၊ အလတ်စများခြင်း၊ အရောင်းအဝယ်အေးခြင်း၊ **တညင်းသီး(ခွံပါ)**မှာ ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်ဒေသစုံမှ ကုန်အဝင်လှိုင်ခြင်း၊ ရောင်းလိုအားများခြင်းတို့ကြောင့် အသီးသီး ဈေးနိမ့်ခဲ့သည်။
- **မန္တလေးဈေးကွက်**တွင် **ခရမ်းချဉ် (ရှမ်းတောင်)** မှာ အင်းလေးခရမ်းချဉ် အရည်အသွေးကောင်းခြင်း၊ ကားလမ်းများပြန်လည်ဖွင့်လှစ်လာခြင်းကြောင့် မြစ်ကြီးနား၊ ဖားကန့်၊ လုံးခင်း၊ ကသာ၊ ဗန်းမော်နှင့် လားရှိုးဒေသများသို့

တင်ပို့မှုရှိခြင်း၊ **ငရုတ်စို** (ရှည်) မှာ မုံရွာ၊ ချောင်းဦးမှ အပင်ကျချိန် ဝင်ရောက်မှုမရှိခြင်း ၊ ရန်ကုန်၊ သာစည်နှင့် တပ်ကုန်းတို့မှ ဝင်ရောက်မှုရှိခြင်း၊ လက်ဖက်၊ ငပိထောင်းနှင့် စားသောက်ဆိုင်များ ဝယ်ယူမှုများခြင်း၊ ငရုတ်စို (လတ်) ဈေးမြင့်ရခြင်းမှာ မုံရွာ၊ ချောင်းဦးမှ အဝင်နည်းခြင်း၊ ရွှေဘို၊ မိတ္ထီလာနှင့် ပခုက္ကူတို့မှ ရံဖန်ရံခါမှသာ ဝင်ရောက်ခြင်း၊ ဆွတ်ခူးရန် အလုပ်သမားရှားခြင်း၊ ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်း၊ ငရုတ်စို (ပွ) မှာ ကျောက်ဆည်၊ ပုလိပ်၊ ဇီးပင်ကွေ့၊ တံတားဦးတို့မှ အဝင်နည်းခြင်း၊ ပင်ရင်းဒေသသို့ ဆင်း၍ ဝယ်ယူမှုရှိသဖြင့် ဈေးကွက်သို့အဝင်နည်းခြင်း၊ ပြင်ဦးလွင် (ပွ) များသာ ဝင်ရောက်မှုများခြင်းတို့ကြောင့် ဈေးအသီးသီးမြင့်ခဲ့သည်။

- **မန္တလေးဈေးကွက်**တွင် **ဂေါ်ဖီထုပ် (ရှမ်းတောင်၊ မြောက်)** တို့မှာ မိုးရွာသွန်းမှုရှိခြင်းကြောင့် ဂေါ်ဖီထုပ်များ အရည်အသွေးညံ့ခြင်း၊ အရွယ်အစားသေးငယ်ခြင်း၊ ဟင်းသီးဟင်းရွက်မျိုးစုံ ပေါများချိန်ဖြစ်ခြင်း၊ **ပန်းမုန်လာ (ရှမ်းတောင်၊ မြောက်)** တို့မှာ ဈေးကွက်သို့ ဝင်ရောက်မှုများခြင်း၊ စားသုံးသူပုံမှန် ဝယ်လိုအားသာရှိခြင်း၊ **မုန်လာဥနီ** မှာ မိုးရွာသွန်းမှုများခြင်း ကြောင့် အပျက်အစီးများခြင်း၊ အရည်အသွေးညံ့ခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။
- **အောင်ပန်းဈေးကွက်**တွင် **ခရမ်းချဉ်၊ ပန်းမုန်လာ၊ ဂေါ်ရခါးသီး၊ မုန်လာဥနီနှင့် ရွှေပဲသီး**တို့မှာ ရန်ကုန်နှင့် မန္တလေး ဈေးကွက်များမှ ဝယ်လိုအားရှိခြင်း၊ အရည်အသွေးကောင်းခြင်း၊ ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်းတို့ကြောင့် ဈေးမြင့်ခဲ့ပြီး **ဂေါ်ဖီထုပ်၊ ဂျူးနှင့် ဘိုစားပဲ**တို့မှာ မိုးရွာသွန်းမှုများ၍ အရည်အသွေးညံ့များ ဈေးကွက်သို့ ဝင်ရောက်မှုများခြင်း၊ ရောင်းလိုအားများခြင်း၊ နယ်ဈေးကွက်များသို့ တင်ပို့ရမှုနည်းခြင်းတို့ကြောင့် ဈေးနိမ့်သည်။
- **မော်လမြိုင်ဈေးကွက်**တွင် အင်းလေး**ခရမ်းချဉ်** မှာ ဝယ်ဈေးမြင့်ခြင်း၊ စိုက်ခင်းသစ်များမှ အရည်အသွေး အရွယ်အစားလှပကောင်းမွန်သော **ဂေါ်ဖီထုပ်နှင့် ပန်းမုန်လာ** များဖြစ်ခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သည်။ အောင်ပန်းမှ **မုန်လာဥနီ**များ ဈေးကွက်သို့ ဝင်ရောက်မှုမရှိတော့ပါ။ မြဝတီမှလာသော မုန်လာဥနီမှာ အရောင်းအဝယ်ပုံမှန်သာ ရှိခြင်းကြောင့် ယခင်လနှင့်ဈေးတူညီလျက်ရှိသည်။
- **အင်းလေးခရမ်းချဉ်**မှာ ပထမပတ်တွင် လမ်းပန်းဆက်သွယ်ရေးပွင့်လင်းလာသောကြောင့် ဈေးမြင့်ခဲ့ပြီး ဒုတိယပတ်တွင် အင်းသီးအထွက်များလာခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနိမ့်နေပြီး စတုတ္ထပတ်နှင့် ပဉ္စမပတ်တွင်ထိုင်ဝမ်သီးနှင့် အောင်ပန်းသီးများထွက်ရှိမှု မရှိသေးခြင်း၊ မန္တလေးမှတဆင့် မြစ်ကြီးနားသို့ တင်ပို့မှုရှိခြင်းတို့ကြောင့် ဈေးအနည်းငယ်မြင့်လာသည်။ နောက်ဆုံးပတ်တွင် အင်းသီးအထွက်နည်းခြင်း၊ အမှည့်သီးများခြင်း၊ အစိမ်းသီးကို ဝယ်လိုအားကောင်းခြင်းတို့ကြောင့် ဈေးမြင့်ခဲ့သော်လည်း ပျမ်းမျှအားဖြင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။

"သစ်သီးဝလံ"

- **ရန်ကုန်ဈေးကွက်**သို့ **ငှက်ပျောသီး (ရွှေနီ)**မှာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုနည်းခြင်း၊ အရည်အသွေးကောင်းခြင်း၊ **ပန်းသီး (တရုတ်)** မှာ ကုန်အဝင်နည်းလာခြင်းတို့ကြောင့် ဈေးအနည်းငယ် မြင့်ခဲ့ခြင်းဖြစ်သည်။ **ငှက်ပျောသီး (သီးမွှေးနှင့်ဖီးကြမ်း)** တို့မှာ အရည်အသွေးကောင်းသော်လည်း ရာသီစာဖြစ်သော ဒူးရင်း၊ မင်းဂွတ်၊ ကြက်မောက်၊ သရက်သီးများလိုင်ချိန်ဖြစ်ခြင်းကြောင့် ငှက်ပျောသီး ဝယ်ယူစားသုံးမှုနည်းချိန်ဖြစ်ခြင်း၊ **ငှက်ပျော သီး (ရခိုင်)** မှာ လည်းအလှူပွဲ၊ တရားပွဲ၊ နတ်ပွဲစသောဘာသာရေးဆိုင်ရာ အခမ်းအနားများမရှိခြင်းကြောင့် အရောင်းအဝယ်အေးခြင်း၊ **ဒူးရင်းသီး(ဒေသမျိုး)နှင့်မင်းဂွတ်သီး**တို့မှာ ကုန်အဝင်လိုင်ခြင်း၊ အသေးစ၊ အလတ်စများခြင်း၊ အရောင်းအဝယ်အေးခဲ့ခြင်း၊ **သရက်သီး(မချစ်စု၊ရင်ကွဲ)** တို့မှာ ရန်ကုန်အနီးဝန်းကျင်ဒေသများမှ ကုန်အဝင်လိုင်ခြင်း၊

ရောင်းလိုအားများခြင်း၊ **(စိန်တလုံး)** မှာအရည်သွေးနိမ့်ခြင်း၊ **စပျစ်သီး(နီညို)၊ ကျွဲကောသီး**မှာ ကုန်အဝင်နည်းသော်လည်း အရောင်းအဝယ်အေးခြင်း၊ **နာနတ်သီး** မှာ ကုန်အဝင်လျှင်ခြင်းတို့ကြောင့် အသီးသီး ဈေးနိမ့်ခဲ့သည်။

- **မန္တလေးဈေးကွက်**တွင် **သရက်သီး (စိန်တလုံး)** မှာ မန္တလေးအနီးဝန်းကျင်ဒေသများမှ ရာသီကုန်ဖြစ်ခြင်းကြောင့် ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်း **စပျစ်သီး (နီညို)** မှာ ပျော်ဘွယ်၊ ရမည်းသင်းတို့မှ ပုံမှန်ဝင်ရောက်မှု ရှိသော်လည်း စားသုံးဝယ်လိုအားရှိခြင်း၊ **သခွားမွေး**မှာ ပင်သစ်သီးများ ဈေးကွက်သို့ ဝင်ရောက်မှုနည်းခြင်း၊ လားရှိုး၊ လက်ပံလှသို့ တင်ပို့မှုရှိခြင်း၊ **ဖရဲသီး**မှာ မုံရွာ တံတားဦးမှ အလုံးသေးမျိုးများအပြင် မန္တလေးဝန်းကျင်နှင့် ဒေသစုံမှ အစိမ်းကြား အလုံးကြီးများပါဝင်ရောက်ခြင်း၊ တရုတ်တင်ပို့မှုမရှိသဖြင့် အရည်အသွေးကောင်းများ ဝင်ရောက်ခြင်း၊ **ပန်းသီး** အကြွပ်သီးမျိုးစုံနှင့် ကိုရီးယားပန်းသီးများလည်း ဝင်ရောက်မှုမရှိသေးခြင်း၊ ပန်းသီး (အိတ်စွပ်) တမျိုးထဲသာရှိခြင်း၊ မူဆယ်၊ ချင်းရွှေဟော် ကားများအထွက်နည်း၍ ပြန်ကုန် ပန်းသီးအဝင်နည်းခြင်း၊ ငွေဈေးအတက်အကျ မမှန်ခြင်း၊ စားသုံးသူဝယ်လိုအားရှိခြင်း၊ **ထောပတ်သီး** မှာ ယခုလအလယ်ခန့်မှ စတင်ဝင်ရောက်ပြီး ပစ္စည်းရှားခြင်းကြောင့် ဈေးမြင့်နေပါသည်။ **နာနတ်သီး** မှာ ပြင်ဦးလွင်၊ ဗန်းမော်နှင့် သီပေါတို့မှ ဝင်ရောက်မှုများခြင်း၊ မြို့တွင်းလက်လီသမား အဝယ်သာရှိခြင်း စားသုံးသူပုံမှန် ဝယ်လိုအားသာရှိခြင်းတို့ကြောင့် ဈေးနိမ့်ခဲ့သည်။

- **အောင်ပန်းဈေးကွက်**တွင် **လိမ္မော်သီးနှင့်ထောပတ်သီး** တို့မှာ ရာသီကုန်ချိန်ဖြစ်ခြင်းကြောင့် ဈေးကွက်သို့ ဝင်ရောက်မှုမရှိပါ။
- **မော်လမြိုင်ဈေးကွက်**တွင် **မင်းဂွတ်သီးနှင့် ကြက်မောက်သီး** တို့မှာ အလုံးသေးများဝင်ရောက်မှုများခြင်းကြောင့် ဈေးနိမ့်ခဲ့သည်။ **ကျွဲကောသီး (အဖြူ)** မှာ အရွယ်အစားသေးငယ်ခြင်း၊ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ယခင်လထက် ဈေးနိမ့်ခဲ့သည်။

"သီးနှံလက်ကားဝယ်ယူသည့်ဈေးကွက်"

ဝက်ပုတ်ဈေးကွက်

- ဝက်ပုတ်မှ **ဂေါ်ဖီထုပ်**များ ဈေးကွက်သို့ ဝင်ရောက်မှုများသော်လည်း ရန်ကုန်နှင့်ရခိုင်သို့ တင်ပို့မှုရှိခြင်း၊ ဝယ်လိုအားကောင်းခြင်း၊ **ရွှေဖရုံသီး**မှာ ရေသွင်းစိုက်ပျိုးထားသော ထိုင်ဝမ်မျိုးများဈေးကွက်သို့ ဝင်ရောက်မှုရှိပြီး အရွယ်အစားသေးငယ်သော်လည်း ကျစ်လစ်မှုရှိခြင်း၊ ဒေသမျိုးများထွက်ရှိမှုမရှိသေးခြင်း၊ ရန်ကုန်ထောက်ကြွဲသို့ တင်ပို့မှုရှိခြင်းတို့ကြောင့် ယခင်လထက် ဈေးမြင့်ခဲ့သည်။ **ခရမ်းချဉ် (ရှမ်း)** မှာ ရန်ကုန်မှ တဆင့်ဝင်ရောက်မှုရှိခြင်း၊ ဝယ်ဈေးနိမ့်ခြင်း၊ **သခွားသီးနှင့် ခရမ်းသီး**တို့မှာ အလုံးအလတ်နှင့် တို့စားသီးအရွယ်များ ထွက်ရှိမှုများခြင်း၊ ရန်ကုန်ဒိုင်သို့ အချိန်မီ တင်ပို့ရန် အချိန်ကန့်သတ်ချက်များရှိခြင်း၊ ထွက်ရှိမှုများခြင်းကြောင့် ရောင်းလိုအားများခြင်း၊ **ငရုတ်သီးစိမ်းအရှည်**မှာ ဈေးကွက်သို့ဝင်ရောက်မှုများခြင်း၊ ရန်ကုန်မှဈေးနှိမ်ဝယ်ယူမှုရှိခြင်း၊ **ရုံးပတီသီး၊ ကြက်ဟင်းခါးသီး၊ ရွှေဖရုံသီး၊ မုန်လာဥဖြူ၊ ပဲတောင့်ရှည် (ထိုင်ဝမ်)၊ မုန်ညှင်းထုပ်နှင့် နံနံပင်**တို့မှာ ဈေးကွက်သို့ ဝင်ရောက်မှုများခြင်း၊ ရန်ကုန်မှဝယ်လိုအားနည်းခြင်း၊ ရောင်းလိုအားများခြင်းတို့ကြောင့် ဈေးသိသာစွာနိမ့်ခဲ့သည်။

“စစ်တွေဈေးကွက်”

စစ်တွေဈေးကွက်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လအတွင်း ဆန်ဈေးနှုန်းများ ယခင်လနှင့် နှိုင်းယှဉ်လျှင် ပေါ်ဆန်းမွေးအသစ် (ရှယ်)၊(ရိုးရိုး)၊ ဧည့်မထဆန်နှင့် ကောက်ညှင်းဆန်ဈေးနှုန်းများ ကျဆင်းလာပြီး ကျန်ဆန်ဈေးနှုန်းများ တည်ငြိမ်နေကြောင်းတွေ့ရသည်။ ပဲမျိုးစုံအနေဖြင့် ပဲနီလေးနှင့် မြေပဲဆန်ဈေးနှုန်း မြင့်တက်လာပြီး ကုလားပဲဈေးနှုန်းကျဆင်းလာကြောင်း တွေ့ရသည်။ စားသုံးဆီဈေးနှုန်းအနေဖြင့် ပဲဆီနှင့် စားအုန်းဆီဈေးနှုန်း မြင့်တက်လာကြောင်းတွေ့ရသည်။ စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးခြောက်၊ နနွင်း၊ ခရမ်းသီးနှင့် ခရမ်းချဉ်သီးဈေးနှုန်းများ မြင့်တက်လာပြီး ကြက်သွန်နီ (ကြီး/လတ်/သေး)၊ ကြက်သွန်ဖြူ၊ ဂျင်းနှင့် အာလူးဈေးနှုန်းများ ကျဆင်းလာကြောင်းတွေ့ရသည်။ အသားဈေးနှုန်းအနေဖြင့် ဝက်သား၊ ဆိတ်သားနှင့် ကြက်သားဈေးနှုန်းမြင့်တက်လာပြီး ဥဈေးနှုန်းအနေဖြင့် ကြက်ဥဈေးနှုန်းကျဆင်းလာကြောင်း တွေ့ရသည်။ ရေထွက်ကုန်အနေဖြင့် ပုစွန်ခြောက်နှင့် ငနီတူခြောက်ဈေးနှုန်းများ မြင့်တက်လာကြောင်းတွေ့ရ သည်။ စွမ်းအင်ဈေးနှုန်းများ ယခင်လနှင့်နှိုင်းယှဉ်လျှင် ဒီဇယ်၊ ပရီမီယံဒီဇယ်၊ Octane 92 RON နှင့် Octane 95 RON ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရသည်။

၁-၁၀-၂၀၁၉ရက်နေ့မှ ၂၆-၆-၂၀၂၀ ရက်နေ့အထိ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၃၂.၅၄၇ သန်း ကုန်သွယ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

“မြိတ်ရေထွက်ပစ္စည်းဈေးကွက်”

မြိတ်မြို့ရေထွက်ပစ္စည်းဈေးကွက်အနေဖြင့် ဇွန်လအတွင်း ပြည်ပသို့ ရေထွက်ပစ္စည်း တင်ပို့မှု တန်ချိန် စုစုပေါင်းမှာ (၈၁၂.၃၆၀) တန်ဖြစ်ကြောင်းသိရှိရသည်။ ဇွန်လအတွင်း ကုလားကုတ်၊ ငါးကွမ်းရှပ် (သေး)၊ ငါးပါးနီ၊ ငါးရောင် (သေး)၊ ကက္ကူရံ၊ ငါးလိပ်ကျောက်၊ ငါးမုတ်မဲ၊ ငါးမုတ်ဖြူ၊ ကင်းမွန် (ကြီး/သေး) နှင့် ရေငန်ပုစွန်ဈေးနှုန်းများ မြင့်တက်လာပြီး ငါးကွမ်းရှပ် (ကြီး)၊ ငါးရောင် (ကြီး)၊ ရေငန်ပုစွန်ကျား၊ ရေငန်ပုစွန်မီးနီ၊ ပုစွန်ခြောက် (ကြီး/လတ်/သေး) နှင့် ငါးကွမ်းရှပ် (ဘီးဇင်) ခြောက် ဈေးနှုန်းများ ကျဆင်း လာကာ ကျန်ရေထွက်ကုန်ဈေးနှုန်းများ ပြောင်းလဲမှုမရှိတည်ငြိမ်နေကြောင်း တွေ့ရသည်။ ၁-၁၀-၂၀၁၉ ရက်နေ့မှ ၂၆-၆-၂၀၂၀ ရက်နေ့အထိ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၇.၆၆၉ သန်းအထိ မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းများ အပါအဝင် တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

“အပင်ရောဂါ များအား ကာကွယ်နှိမ်နင်းနည်း”

ပဲတီစိမ်းတွင် ကျရောက်တတ်သော ရောဂါများအား ကာကွယ်နှိမ်နင်းနည်း

မှည့်ပြောက်စွန်းရောဂါ (ရောဂါလက္ခဏာများ)

- ဤမှိုသည် အပင်ကြီးထွားမှု၏ မည်သည့်အဆင့်မဆို လေပေါ်ပိုင်းအစိတ်အပိုင်းအားလုံးကို တိုက်ခိုက်သည်။
- ရောဂါလက္ခဏာများသည် အရွက်များနှင့် ပဲသီးတောင့်များပေါ်တွင် စက်ပိုင်းပုံဖြစ်ဖြစ်ကာ အနက်ရောင်ဗဟိုနှင့် တောက်ပသည့် လိမ္မော်နီရောင်အနားသားနှင့်အတူ အနက်ရောင် နေလောင်စက်များဖြစ်သည်။

- ဆိုးဝါးစွာကျရောက်ပါက ရောဂါကျအပိုင်းများညှိုးနွမ်းသွားသည်။ အစေ့အညှောင့်ပေါက်သည်နှင့် ရောဂါကျရောက်မှုကြောင့် ပျိုးပင်များ ခြောက်သွားကြသည်။

ကာကွယ်နှိမ်နင်းနည်း

- အောက်ပါပိုးသတ်ဆေးတစ်မျိုးမျိုးကို ပိုးသတ်ဆေးဘူး/အိတ်ပါ အညွှန်းစာအတိုင်း အသုံးပြုပါ။
  - ကာဘင်ဒါဇင် (Carbendazim)
  - မန်ကိုဇက်ဘ် (Mancozeb) **ဒေါက်တာကိုကို (စိုက်ပျိုးရေး)**

"ဓာတ်မြေဩဇာဈေးနှုန်း"

ဓာတ်မြေဩဇာ	ပါဝင်မှု အဟာရဓာတ်%	ရန်ကုန်ဈေးကွက်		မန္တလေးဈေးကွက်	
		၂၀၂၀ မေ	**၂၀၂၀ ဇွန်**	၂၀၂၀ မေ	**၂၀၂၀ ဇွန်**
ယူရီးယား					
- တရုတ်	N ၄၆%	၂၄၇၅၀	**၂၄၂၅၀**	၂၅၈၅၀	**၂၄၅၀၀**
ပိုတက်ရှ်	P ၆၀%	၂၆၇၅၀	**၂၆၅၀၀**	၂၅၇၅၀	**၂၆၀၀၀**
တီစူပါ					
-GTSP	P ၄၆%	၂၃၈၂၅	**၂၃၃၂၅**	၂၁၂၀၀ *	**၂၁၁၀၀** *
-တိုးပွါးမန်း(လှည်းယာဉ်)	P ၅၀%	၂၅၂၇၅	**၂၅၄၀၀**		
ကွန်ပေါင်း					
-အာမို*	၁၆:၁၆:၈: ၁၃	၃၇၅၀၀	**၃၇၅၀၀**	၄၄၄၀၀	**၃၈၉၀၀**
-အာမို*	၁၅:၁၅:၁၅:၇	၄၀၅၀၀	**၄၀၅၀၀**	၄၂၉၀၀	**၄၂၉၀၀**
-ရွှေခြသေ့**	၁၅:၇:၈	*	*	၂၁၂၀၀	**၂၁၂၀၀**
-ရွှေခြသေ့**	၁၀:၁၀:၅	*	*	၁၈၀၀၀	**၁၈၀၀၀**
-တိုးပွါးမန်း(လှည်းယာဉ်)*	၁၀:၁၀:၅:၅	၁၉၁၇၅	**၁၉၃၀၀**	၁၇၇၀၀	**၁၈၀၀၀**
-တိုးပွါးမန်း(လှည်းယာဉ်)*	၁၅:၁၅:၁၅:၁၀	၃၈၅၀၀	**၃၈၅၀၀**	၃၇၅၀၀	**၃၈၂၅၀**

(*)ဈေးနှုန်းကောက်ယူခြင်းမရှိပါ။

မှတ်ချက် - (၅၀)ကီလိုအိတ် လက်ကားဈေးနှုန်း (ကျပ်)များဖြစ်သည်။ (~) ဈေးကွက်သို့ဝင်ရောက်မှုမရှိပါ။ (*)နိုက်ထြိုဂျင်(N) + ဖော့စဖိတ်(P) + ပိုတက်ဆီယံ(K) + ဆာလဖာ(S)၊ (**) နိုက်ထြိုဂျင်(N)+ဖော့စဖိတ် (P)+ပိုတက်ဆီယံ(K)၊ N,P,K=အများလိုအဟာရဓါတ်၊ S= အနည်းလိုအဟာရဓါတ်၊

ပြည်ပပို့ကုန်၊ သွင်းကုန် အကောင်အထည်ဖော်မှုအခြေအနေ
၂၀ - ၆ - ၂၀၂၀ မှ ၂၆- ၆ - ၂၀၂၀ ရက်နေ့ အထိ

အမေရိကန်ဒေါ်လာသန်း

စဉ်	အကြောင်းအရာ	ပို့ကုန်	သွင်းကုန်	ကုန်သွယ်မှုပမာဏ	ပို့ငွေ/လိုငွေ
၁	၂	၃	၄	၅	၆
၁	**ပင်လယ်ရေကြောင်း**	**၂၁၉.၁၅၆**	**၂၃၂.၇၃၁**	**၄၅၁.၈၈၇**	**-၁၃.၅၇၅**
	နိုင်ငံပိုင်	၀.၀၅၁	၁.၉၉၉	၂.၀၅၀	-၁.၉၄၈
	ပုဂ္ဂလိက	၂၁၉.၁၀၅	၂၃၀.၇၃၂	၄၄၉.၈၃၇	-၁၁.၆၂၇
၂	**နယ်စပ်**	**၉၅.၆၈၁**	**၆၆.၆၀၀**	**၁၆၂.၂၈၁**	**၂၉.၀၈၁**
	နိုင်ငံပိုင်	၅၇.၇၉၈	၀.၀၅၃	၅၇.၈၅၁	၅၇.၇၄၅
	ပုဂ္ဂလိက	၃၇.၈၈၃	၆၆.၅၄၇	၁၀၄.၄၃၀	-၂၈.၆၆၄

၃	**စုစုပေါင်း**	၃၁၄.၈၃၇	၂၉၉.၃၃၁	၆၁၄.၁၆၈	၁၅.၅၀၆
	နိုင်ငံပိုင်	၅၇.၈၄၉	၂.၀၅၂	၅၉.၉၀၁	၅၅.၇၉၇
	ပုဂ္ဂလိက	**၂၅၆.၉၈၈**	**၂၉၇.၂၇၉**	**၅၅၄.၂၆၇**	**-၄၀.၂၉၁**

ပြည်ပပို့ကုန်၊ သွင်းကုန် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

တန်ဖိုး-ဒေါ်လာသန်း

စဉ်	**အကြောင်းအရာ**	**လျာထားချက်**	**၂၆ - ၆ - ၂၀၂၀ထိ**	**ရာခိုင်နှုန်း**
၁	**ပို့ကုန်**	**၁၅၅၀၀.၀၀၀**	**၁၃၀၁၂.၄၆၂**	**၈၃.၉၅** %
	ပင်လယ်ရေကြောင်း	၈၁၀၀.၀၀၀	၇၃၅၈.၈၉၈	၉၀.၈၅ %
	နယ်စပ်	၇၄၀၀.၀၀၀	၅၆၅၃.၅၆၄	၇၆.၄၀ %
၂	**သွင်းကုန်**	**၁၇၅၀၀.၀၀၀**	**၁၄၇၂၅.၉၄၀**	**၈၄.၁၅** %
	ပင်လယ်ရေကြောင်း	၁၄၉၀၀.၀၀၀	၁၂၁၂၆.၈၄၆	၈၁.၃၉ %
	နယ်စပ်	၂၆၀၀.၀၀၀	၂၅၉၉.၀၉၄	၉၉.၉၇ %
၃	**ကုန်သွယ်မှုပမာဏ**	**၃၃၀၀၀.၀၀၀**	**၂၇၇၃၈.၄၀၂**	**၈၄.၀၆** %
	ပင်လယ်ရေကြောင်း	၂၃၀၀၀.၀၀၀	၁၉၄၈၅.၇၄၄	၈၄.၇၂ %
	နယ်စပ်	၁၀၀၀၀.၀၀၀	၈၂၅၂.၆၅၈	၈၂.၅၃ %

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ၂၆ - ၆ - ၂၀၂၀ အထိ ပို့ကုန်တင်ပို့နိုင်မှု အခြေအနေမှာ အမေရိကန်ဒေါ်လာ **၁၃၀၁၂.၄၆၂** သန်း၊ သွင်းကုန်တင်သွင်းနိုင်မှု အခြေအနေမှာ အမေရိကန်ဒေါ်လာ ၁၄၇၂၅.၉၄၀ သန်းဖြစ်သဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ **၂၇၇၃၈.၄၀၂** သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ **၁၇၁၃.၄၇၈** သန်း ဖြစ်ပါသည်။

ပင်လယ်ရေကြောင်းနှင့် နယ်စပ်ပို့ကုန်၊ သွင်းကုန် ကာလတူနှိုင်းယှဉ်ချက်
(၁ - ၁၀ - ၂၀၁၉) မှ (၂၆ - ၆ - ၂၀၂၀) ထိ

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

စဉ်	**အကြောင်းအရာ**	**၂၀၁၉-၂၀၂၀ (၁-၁၀-၂၀၁၉) မှ (၂၆-၆-၂၀၂၀) ထိ**			**၂၀၁၈-၂၀၁၉ (၁-၁၀-၂၀၁၈) မှ (၂၆-၆-၂၀၁၉) ထိ**			**တိုး/လျော့**		
		ပင်လယ်ရေကြောင်း	**နယ်စပ်**	**ပေါင်း**	**ပင်လယ်ရေကြောင်း**	**နယ်စပ်**	**ပေါင်း**	**ပင်လယ်ရေကြောင်း**	**နယ်စပ်**	**ပေါင်း**
၁	ပို့ကုန်	၇၃၅၈.၈၉၈	၅၆၅၃.၅၆၄	**၁၃၀၁၂.၄၆၂**	၆၈၃၈.၁၄၈	၅၅၁၉.၇၄၉	**၁၂၃၅၇.၈၉၇**	၅၂၀.၇၅၀	၁၃၃.၈၁၅	**၆၅၄.၅၆၅**
၂	သွင်းကုန်	၁၂၁၂၆.၈၄၆	၂၅၉၉.၀၉၄	**၁၄၇၂၅.၉၄၀**	၁၁၁၂၂.၂၀၈	၂၃၀၅.၆၂၅	**၁၃၄၂.၈၄၃**	၁၀၀၄.၆၃၈	၂၉၃.၄၅၉	**၁၂၉၈.၀၉၇**
	စုစုပေါင်း	**၁၉၄၈၅.၇၄၄**	**၈၂၅၂.၆၅၈**	**၂၇၇၃၈.၄၀၂**	**၁၇၉၆၀.၃၅၆**	**၇၈၂၅.၃၈၄**	**၂၅၇၈၅.၇၄၀**	**၁၅၂၅.၃၈၈**	**၄၂၇.၂၇၄**	**၁၉၅၂.၆၆၂**

ပင်လယ်ရေကြောင်းနှင့် နယ်စပ်ပို့ကုန်၊ သွင်းကုန်ကာလတူ နှိုင်းယှဉ်ချက်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ (၂၆ - ၆ -၂၀၂၀) ထိ ကုန်သွယ်မှု ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ **၂၇၇၃၈.၄၀၂** သန်း ဖြစ်ပြီး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၁-၁၀-၂၀၁၈) မှ (၂၆-၆-၂၀၁၉) ထိ ကုန်သွယ်မှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ **၂၅၇၈၅.၇၄၀** သန်းဖြစ်သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ **၁၉၅၂.၆၆၂** သန်း ပိုမိုခဲ့ကြောင်း တွေ့ရှိရပါ သည်။

နိုင်ငံပိုင် နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍအလိုက် ပို့ကုန်၊ သွင်းကုန် ကာလတူနှိုင်းယှဉ်ချက်
(၁ - ၁၀ - ၂၀၁၉) မှ (၂၆ - ၆ -၂၀၂၀) ထိ

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

စဉ်	အကြောင်းအရာ	၂၀၁၉-၂၀၂၀ (၁-၁၀-၂၀၁၉) မှ (၂၆- ၆-၂၀၂၀) ထိ			၂၀၁၈-၂၀၁၉ (၁-၁၀-၂၀၁၈) မှ (၂၆-၆-၂၀၁၉) ထိ			တိုး/လျော့		
		နိုင်ငံပိုင်	ပုဂ္ဂလိကပိုင်	ပေါင်း	နိုင်ငံပိုင်	ပုဂ္ဂလိကပိုင်	ပေါင်း	နိုင်ငံပိုင်	ပုဂ္ဂလိကပိုင်	ပေါင်း
၁	ပို့ကုန်	၃၆၉၉.၈၈၃	၉၃၁.၅၇၉	**၁၃၀၁.၄၆၂**	၃၅၀၆.၆၀၃	၈၈၅.၂၉၉	**၁၂၃၅.၈၉၇**	၁၉၃.၂၈၀	၄၆၁.၂၈၅	**၆၅၄.၅၆၅**
၂	သွင်းကုန်	၉၈၃.၀၇၅	၁၃၇၄.၈၆၅	**၁၄၇၂.၉၄၀**	၇၅၁.၂၉၇	၁၂၆၇၆.၅၄၆	**၁၃၄၂.၈၄၃**	၂၃၁.၇၇၈	၁၀၆၆.၃၁၉	**၁၂၉၈.၀၉၇**
	စုစုပေါင်း	**၄၆၈၂.၉၅၈**	**၂၃၀၅၅.၄၄၄**	**၂၇၇၃၈.၄၀၂**	**၄၂၅၅.၉၀၀**	**၂၁၅၂.၈၄၀**	**၂၅၇၈၅.၇၄၀**	**၄၂၅.၀၅၈**	**၁၅၂.၆၀၄**	**၁၉၅၂.၆၆၂**

ဇစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ကဏ္ဍအလိုက် ပို့ကုန်၊ သွင်းကုန် ကာလတူ နှိုင်းယှဉ်ချက်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ (၂၆ - ၆ - ၂၀၂၀) ထိ ပြည်ပပို့ကုန်ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ **၁၃၀၁.၄၆၂** သန်းဖြစ်ပြီး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၆ - ၆ - ၂၀၁၉) ထိ ပြည်ပပို့ကုန် ပမာဏစုစုပေါင်း အမေရိကန် ဒေါ်လာ **၁၂၃၅.၈၉၇** သန်းဖြစ်သဖြင့် ပြည်ပပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ **၆၅၄.၅၆၅** သန်း ပိုမိုခဲ့ကြောင်း တွေ့ရှိရပါ သည်။

အောက်တိုဘာလ (၁) ရက်မှ ဇွန်လ (၂၆) ရက်ထိ ၂၀၁၉ - ၂၀၂၀ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်
ကုန်ပစ္စည်းအလိုက် ပို့ကုန်တင်ပို့မှုနှိုင်းယှဉ်ချက်

အမေရိကန်ဒေါ်လာသန်း

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	ကာလတူ (အောက်တိုဘာလ ၁ ရက် မှ ဇွန်လ ၂၆ ရက် နေ့ထိ)		ခြားနားချက် ရာခိုင်နှုန်း
			ယခုနှစ်(၁၉-၂၀)	ယခင်နှစ်(၁၈-၁၉)	
၁	**ဆန်နှင့်ဆန်ကွဲ**	USD	၆၃၅.၃၁၅	၅၂၈.၆၄၈	၁၀၆.၆၆၇
		MT	**၂၁၂၆၀၉.၃၈၇**	**၁၇၄၀၅၄၉.၀၄၂**	**၃၈၉၀၆၀.၃၄၅**
	(က) ဆန်	USD	၄၃၀.၉၃၀	၄၃၆.၄၁၅	-၅.၄၈၅
		MT	၁၃၅၉၅၈၇.၇၄၇	၁၃၉၈၄၀၁.၄၃၂	-၃၈၈၁.၆၈၅
	(ခ) ဆန်ကွဲ	USD	၂၀၄.၃၈၅	၉၂.၂၃၃	၁၁၂.၁၅၂
		MT	၇၇၀၀၂.၆၄၀	၃၄၂၁၄၇.၆၁၀	၄၂၀.၄၈၇၄.၀၃၀
၂	ပြောင်း	USD	၃၃၈.၀၁၁	၂၀၆.၁၄၇	၁၃၁.၈၆၄
		MT	၂၀၂၈၄၁.၁၉၅	၁၀၉၄၄၉၇.၀၀၉	၉၃၃၈၆၈.၁၈၆
၃	နှမ်း	USD	၁၈၃.၉၈၈	၁၃၄.၃၃၈	၄၉.၆၅၀
		MT	၁၀၉၃၁၉.၂၃၈	၈၃၀.၂၅.၂၅၅	၂၆၂၉၃.၉၈၃
၄	ရော်ဘာစိမ်း	USD	၁၈၇.၂၈၉	၂၂၀.၄၆၅	-၃၃.၁၇၆
		MT	၁၅၂၈၃.၆၄၉	၁၇၃၂၆၅.၆၃၇	-၂၀၄၃၃.၉၈၈
၅	**ပဲအမျိုးမျိုး**	USD	၉၈၅.၅၅၇	၇၅၁.၂၄၀	၂၃၄.၃၁၇
		MT	**၁၃၃၁၄၆၇.၁၇၃**	**၁၂၀၅၀၄၇.၂၁၄**	**၁၂၆၄၁၉.၉၅၉**
	မတ်ပဲ	USD	၃၅၀.၉၂၆	၂၂၁.၄၃၈	၁၂၉.၄၈၅
		MT	၄၈၁၁၃.၂၉၄	၄၃၆၂၈၄.၉၄၀	၄၄၈၈.၃၅၄
	ပဲတီစိမ်း	USD	၃၄၃.၈၂၆	၂၇၂.၄၅၁	၇၁.၃၇၅
		MT	၄၅၅၇၄၁.၈၉၁	၃၇၉၉၁.၀၇၆	၇၆၉၀.၈၁၅
	ပဲစဉ်းငုံ	USD	၂၃.၉၈၆	၃၆.၅၂၄	-၁.၅၃၈
		MT	၄၃၁၂.၇၀၉	၇၆၀၈၆.၂၉၉	-၃၂၉၆.၅၉၀
	ကုလားပဲ	USD	၈.၀၁၁	၃၆.၈၁၉	-၂.၈၀၈
		MT	၁၅၂၇၆.၈၉၂	၇၄၃၄.၄၈၆	-၅၉၀၇.၅၉၄
	ပဲလွမ်းဖြူ	USD	၂၃.၃၁၈	၂၄.၉၀၇	-၁.၅၈၉
		MT	၄၃၅၃.၁၀၀	၄၇၂၃.၁၅၀	-၃၃၃.၀၅၀

	မြေထောက်ပဲ	USD	၂၇.၉၀၀	၁၆.၇၆၅	၁၁.၁၃၅
		MT	၃၇၄၀.၂၂၄	၂၃၄၅.၃၇၉	၁၃၉၈.၈၄၅
	ထောပတ်ပဲ	USD	၂၈.၆၇၉	၂၀.၁၄၈	၈.၅၃၁
		MT	၄၈၀၄.၉၀၂	၂၅၄၀၀.၄၉၇	၂၂၆၀.၄၀၅
	ပဲယင်း	USD	၁၆.၆၂၇	၁၁.၂၂၅	၅.၄၀၂
		MT	၃၀၆၈.၈၆၂	၂၁၂၇.၃၀၈	၄၄၅၅.၅၅၄
	ပဲကြီး	USD	၆.၈၀၉	၄.၀၃၂	၂.၇၇၇
		MT	၁၁၂၉၅.၇၄၅	၆၂၁၆.၇၁၄	၅၀၇၉.၀၃၁
	ပဲကတ္တီပါ (စွန့်တာနီ/ပြာ)	USD	၉.၁၇၂	၃.၁၉၀	၅.၉၈၂
		MT	၁၄၃၁.၉၅၀	၅၃၃၄.၉၇၃	၈၉၇၇.၉၇၇
	ဘိုကိတ်ပဲ	USD	၄.၉၅၅	၆.၃၄၄	-၁.၃၈၉
		MT	၈၇၉၆.၉၃၀	၁၁၉၈၉.၄၉၉	-၃၁၉၂.၅၆၉
	ပဲပုတ်စေ့	USD	၅.၉၄၈	၂.၄၈၆	၃.၄၇၂
		MT	၁၄၃၆.၇၂၀	၅၈၄၃.၇၄၀	၈၅၂၃.၅၃၀
	ပဲနီကြား	USD	၆.၇၈၁	၂.၅၂၂	၄.၂၅၉
		MT	၁၄၃၈၉.၀၄၅	၅၁၉၂.၅၀၀	၉၁၉၆.၅၄၅
	နိုင်လွန်ပဲ	USD	၅.၇၃၇	၁.၁၃၅	၄.၆၀၂
		MT	၆၈၂၉.၂၀၀	၁၃၅၂.၂၃၀	၅၄၇၆.၉၇၀
	မြေပဲဆံ	USD	၁၀၇.၈၈၀	၇၈.၇၅၄	၂၉.၁၂၃၆
		MT	၈၀၅၃၆.၈၇၁	၆၄၇၁.၂၁၇	၁၅၈၁၅.၆၅၄
	အခြားပဲ	USD	၁၅.၀၀၂	၁၂.၅၀၀	၂.၅၀၂
		MT	၂၆၀၀၃.၂၈၈	၂၁၃၇၀.၂၀၆	၄၆၃၃.၀၈၂

ဇစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပဲမျိုးစုံ FOB ပြည်တွင်းနှင့် အိန္ဒိယ(မွန်ဘိုင်း) ဈေးနှုန်းများ

ဒေါ်လာ/တန်

နှစ်	လအမည်	FOB ပြည်တွင်း				အိန္ဒိယ(မွန်ဘိုင်း)	
		မတ်ပဲ	ပဲတီစိမ်း	ပဲစင်းငုံ	ကုလားပဲ	မတ်ပဲ	ပဲစင်းငုံ
၂၀၁၉	ဇန်နဝါရီ	၅၁၁	၈၆၆	၅၀၉	၅၅၀	၆၃၉	၆၅၃
	ဖေဖော်ဝါရီ	~	၈၉၈	~	၅၄၉	၆၂၈	၇၀၂
	မတ်	၄၉၉	၉၃၆	၄၉၅	၅၅၆	၅၉၃	၆၇၁
	ဧပြီ	၅၃၀	၈၈၅	၆၂၂	၅၄၉	၆၄၀	၇၀၈
	မေ	၅၇၅	၉၅၄	၆၇၂	၆၁၇	၆၄၆	၇၆၄
	ဇွန်	၅၇၀	၉၅၀	၇၂၀	၆၃၀	၇၀၀	၇၇၂
	ဇူလိုင်	၅၆၀	၉၅၀	၇၃၅	၆၃၀	၆၆၂	၇၈၅
	သြဂုတ်	၅၁၀	၉၅၀	၆၄၅	၆၃၀	၆၂၀	၇၅၀
	စက်တင်ဘာ	၄၈၅	၉၅၀	၆၅၀	၆၃၀	၆၀၃	၆၈၃
	အောက်တိုဘာ	၆၁၀	၉၅၀	၅၇၀	၆၀၀	၉၀၁	၆၉၄
	နိုဝင်ဘာ	၆၈၀	၉၅၀	၅၇၀	၆၀၀	၉၈၇	၇၀၅
	ဒီဇင်ဘာ	၆၆၀	၉၅၀	၅၆၀	၆၃၀	၉၈၇	၇၀၅
၂၀၂၀	ဇန်နဝါရီ	၈၂၀	၉၅၀	၅၄၀	၆၃၀	၉၉၉	၇၀၆
	ဖေ	၈၂၀	၉၅၀	၅၄၀	၆၃၀	၉၇၆	၆၇၉
	မတ်	၈၂၀	၉၅၀	၅၄၀	၆၃၀	~	~
	ဧပြီ	၈၂၀	၉၅၀	၅၄၀	၆၃၀	~	~
	မေ	၇၁၀	၉၈၀	၅၈၀	၆၃၀	~	~
	ဇွန်	**၆၉၀**	**၉၈၀**	**၅၉၀**	**၆၃၀**	**~**	**~**

ဇစ်မြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။ (~) ဈေးနှုန်းမရရှိပါ။

ပြည်ပဈေးနှုန်းများ

(USD/MT)

ပဲအမျိုးမျိုး(အိန္ဒိယ)	၅-၆-၂၀၂၀	၁၅-၆-၂၀၂၀	၂၄-၆-၂၀၂၀	၂၇-၆-၂၀၂၀	ပျမ်းမျှ
မတ်ပဲ	၈၄၇	၈၃၅	၈၆၀	၈၄၇	**၈၄၇**
ပဲတီစိမ်း	၉၁၃	၉၀၁	၈၉၃	၉၀၇	**၉၀၄**
ပဲလွမ်း	*	*	*	*	
ပဲစင်းငုံ	၇၂၁	၇၀၇	၇၂၄	၇၂၂	**၇၁၉**

စံမြစ်။www.agmarknet.nic.in (*)ဈေးနှုန်းမရရှိပါ။

စက်မှုကုန်ကြမ်းဈေးနှုန်းများ

(USD/MT)

သကြား(လန်ဒန်)	၂-၆-၂၀၂၀	၉-၆-၂၀၂၀	၁၅-၆-၂၀၂၀	၂၂-၆-၂၀၂၀	၂၅-၆-၂၀၂၀	ပျမ်းမျှ
-Refined Sugar	၂၄၈	၂၇၂	၂၇၁	၂၆၉	၂၆၇	၂၆၅
-Raw	၃၇၀	၃၈၈	၃၈၂	၃၆၅	၃၅၆	**၃၇၂**
ကော်ဖီ(ကိုလံဘီရာ၊ဘရာဇီး)	**၂-၆-၂၀၂၀**	**၉-၆-၂၀၂၀**	**၁၆-၆-၂၀၂၀**	**၂၃-၆-၂၀၂၀**	**၂၉-၆-၂၀၂၀**	**ပျမ်းမျှ**
-Colombian Mild Arabicas	၃၂၇၀	၃၂၄၈	၃၂၁၇	၃၂၅၂	၃၂၉၀	**၃၂၅၅**
-Brazilian Natural Arabicas	၂၀၇၂	၂၀၆၄	၁၉၇၃	၂၀၃၈	၂၀၈၂	**၂၀၄၆**
-Robustas	၁၄၂၄	၁၄၆၇	၁၄၀၆	၁၄၁၃	၁၄၀၈	**၁၄၂၄**
ရာဘာ(အိန္ဒိယ)	**၂-၆-၂၀၂၀**	**၁၂-၆-၂၀၂၀**	**၁၇-၆-၂၀၂၀**	**၂၂-၆-၂၀၂၀**	**၃၀-၆-၂၀၂၀**	**ပျမ်းမျှ**
-RSS-1	၁၄၇၉	၁၅၆၀	၁၅၅၆	၁၅၆၆	၁၅၆၆	**၁၅၄၂**
-RSS-2	၁၄၆၀	၁၅၄၀	၁၅၃၆	၁၅၄၆	၁၅၄၇	**၁၅၂၃**
-RSS-3	၁၄၄၃	၁၅၂၃	၁၅၁၈	၁၅၂၉	၁၅၂၉	**၁၅၀၅**
-RSS-4	၁၄၃၄	၁၅၁၄	၁၅၀၉	၁၅၁၉	၁၅၁၉	**၁၄၉၅**
-RSS-5	၁၄၂၀	၁၄၉၉	၁၄၉၄	၁၅၀၄	၁၅၀၅	**၁၄၈၀**
စားအုန်းဆီ(မလေးရှား)	**၂-၆-၂၀၂၀**	**၉-၆-၂၀၂၀**	**၁၅-၆-၂၀၂၀**	**၂၃-၆-၂၀၂၀**	**၂၅-၆-၂၀၂၀**	**ပျမ်းမျှ**
RBD P Olein	၅၇၈	၅၉၃	၅၉၃	၆၂၂	၆၀၉	**၅၉၉**

စံမြစ်။ isosugar.com, ig.com, ico.com, rubberboard.org.in, mpob.gov.mydx

အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသည့် မြန်မာငွေဈေး

(ကျပ်/ USD)

လ / နှစ်	ဇန်	ဖေ	မတ်	ဧ	မေ	ဇွန်	ဂျူ	သြ	စက်	အောက်	နို	ဒီ
၂၀၁၃	၈၅၅	၈၆၀	၈၆၉	၈၈၁	၉၀၅	၉၄၃	၉၈၀	၉၇၅	၉၇၀	၉၇၁	၉၇၁	၉၈၃
၂၀၁၄	၉၈၅	၉၈၄	၉၈၁	၉၆၂	၉၆၂	၉၆၉	၉၇၇	၉၇၁	၉၇၃	၉၉၁	၁၀၁၀	၁၀၃၀
၂၀၁၅	၁၀၂၉	၁၀၂၇	၁၀၃၄	၁၀၆၂	၁၀၈၅	၁၁၀၁	၁၁၈၄	၁၂၇၃	၁၂၇၃	၁၂၈၃	၁၂၇၈	၁၂၉၈
၂၀၁၆	၁၃၀၂	၁၂၇၇	၁၂၂၈	၁၁၉၄	၁၁၇၆	၁၁၇၉	၁၁၇၃	၁၁၈၀	၁၂၀၈	၁၂၄၇	၁၂၈၄	၁၃၂၄
၂၀၁၇	၁၃၆၀	၁၃၄၉	၁၃၅၁	၁၃၅၆	၁၃၄၀	၁၃၆၀	၁၃၆၃	၁၃၆၀	၁၃၅၈	၁၃၆၃	၁၃၆၀	၁၃၆၅
၂၀၁၈	၁၃၅၈	၁၃၂၂	၁၃၁၀	၁၃၂၃	၁၃၁၀	၁၃၄၅	၁၃၅၅	၁၄၁၉	၁၄၀၀	၁၄၁၉	၁၄၄၁	၁၄၇၀
၂၀၁၉	၁၄၆၈	၁၄၃၂	၁၄၃၁	၁၄၂၉	၁၄၂၆	၁၄၂၆	၁၄၂၆	၁၄၀၁	၁၄၁၅	၁၄၁၆	၁၄၃၃	၁၄၃၃
၂၀၂၀	၁၄၁၀	၁၄၇၃	၁၄၇၀	၁၄၇၀	၁၄၇၀	**၁၄၃၅**						

စံမြစ်။www.exchangerate.com

နောက်ဆက်တွဲများ

၁။ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ ဝင်ရောက်မှု(Supply Information) အခြေအနေ (က)

၂။ ဈေးကွက်အလိုက် လယ်ယာထွက်ကုန်ဈေးနှုန်းများ

- ရန်ကုန် (ခ)
- မန္တလေး (ဂ)
- မြင်းခြံ (ဃ)
- ပခုက္ကူ (င)
- ပုသိမ် (စ)
- မော်လမြိုင် (ဆ)
- ပြည် (ဇ)
- မုံရွာ (ဈ)
- တောင်ကြီး (ည)
- အောင်ပန်း (ဋ)
- အင်းလေး (ဌ)
- ဝက်ပုတ် (ဍ)
- ပျဉ်းမနား (ဎ)
- တပ်ကုန်း (ဏ)
- လယ်ဝေး (တ)
- လားရှိုး (ထ)
- ဆန်စပါးကုန်စည်ဒိုင် (မူဆယ်) (ဒ)
- (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် (မူဆယ်) (ဓ)
- စစ်တွေ (န)
- မြိတ် (ရေထွက်ကုန်) (ပ)
- မြိတ် (လယ်ယာထွက်ကုန်) (ဖ)

လယ်ယာထွက်ကုန်များ ဈေးကွက်သို့ ဝင်ရောက်မှုအခြေအနေ
(၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ)

ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်ဝင်ရောက်မှုအခြေအနေ

အမျိုးအမည်	ရေတွက်ပုံ	၂၀၁၁ ဇွန်	၂၀၁၂ ဇွန်	၂၀၁၃ ဇွန်	၂၀၁၄ ဇွန်	၂၀၁၅ ဇွန်	၂၀၁၆ ဇွန်	၂၀၁၇ ဇွန်	၂၀၁၈ ဇွန်	၂၀၁၉ ဇွန်	**၂၀၂၀ ဇွန်**
ဆန်	အိတ်ထောင်ပေါင်း	၁၄၁၃	၁၁၃၂	၁၃၈၂	၁၂၉၀	၁၀၇၈	၁၂၀၃	၁၂၅၁	၁၂၁၃	၁၁၆၂	**၁၀၀၅**
ဂျုတ်ရှည်	အိတ်ပေါင်း	၂၅၁၅၀	၂၃၁၂၀	၂၀၇၀၀	၅၈၅၅၀	၄၀၄၀၀	၂၇၅၅၀	၄၈၈၀၀	၄၄၇၅၀	၃၂၇၅၀	**၂၆၅၅၀**
ဂျုတ်ပွ	အိတ်ပေါင်း	၅၁၀၀	၃၄၅၀	၄၀၃၀	၂၀၃၅	၅၅၅၀	၁၈၅၀	၄၂၅၀	၈၇၅၀	၆၇၀၀	**၂၅၂၀**
ကြက်သွန်နီ	ကားစီးရေ	၆၂၅	၇၆၇	၆၄၂	၆၄၇	၇၃၁	၆၇၇	၆၈၁	၇၀၂	၆၉၀	**၆၈၆**
ကြက်သွန်ဖြူ	အိတ်ပေါင်း	၁၄၅၅၀	၂၄၇၅၀	၂၁၈၀၀	၂၁၈၀၀	၂၉၉၀၀	၁၄၈၅၀	၄၉၀၅၀	၄၂၃၀၀	၃၂၈၅၀	**၃၁၂၀၀**
အာလူး	ကားစီးရေ	၃၀၈	၃၇၄	၂၈၀	၃၄၄	၃၄၆	၃၄၃	၄၅၁	၃၈၃	၃၃၇	**၃၀၉**
ခရမ်းချဉ်	ကားစီးရေ	၁၈၉	၂၃၀	၁၈၆	၂၁၀	၁၈၂	၁၁၀	၁၁၅	၁၁၅	၇၉	**၈၈**
ဂေါ်ဖီထုပ်	ကားစီးရေ	၄၇၉	၄၉၉	၂၅၀	၄၂၀	၄၀၅	၃၀၅	၂၀၅	၂၁၂	၉၇	**၉၉**

**ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် သီရိမင်္ဂလာဈေးမှ ကောက်ယူစုစည်း တင်ပြထားခြင်းဖြစ်ပါသည်။

ပခုက္ကူဈေးကွက်သို့ ဆန်ဝင်ရောက်မှုအခြေအနေ

အမျိုးအမည်	ရေတွက်ပုံ	၂၀၁၁ ဇွန်	၂၀၁၂ ဇွန်	၂၀၁၃ ဇွန်	၂၀၁၄ ဇွန်	၂၀၁၅ ဇွန်	၂၀၁၆ ဇွန်	၂၀၁၇ ဇွန်	၂၀၁၈ ဇွန်	၂၀၁၉ ဇွန်	**၂၀၂၀ ဇွန်**
ဆန်	အိတ်ပေါင်း	၂၇၆၉၀၀	၇၇၈၀၀	၁၆၇၃၀၀	၂၇၄၁၀၀	၂၀၇၅၀၀	၃၀၃၅၅	၁၉၈၀၀၀	၁၈၈၅၀၀	၂၀၀၅၀၀	**၂၀၃၀၀၀**

ရန်ကုန်ဈေးကွက်
လယ်ယာထွက်ကုန်များလက်ကားရောင်းဈေးနှုန်းများအခြေအနေ

(ကျပ်)

လယ်ယာထွက်ကုန်အမည်	ရေတွက်ပုံ	ဇွန်လ-၂၀၂၀				ဇွန်လ ပျမ်းမျှ	မေလ ပျမ်းမျှ	ယခင်လနှင့် ယခုလ ခြားနားချက် %
		ပထမပတ်	ဒုတိယပတ်	တတိယပတ်	စတုတ္ထပတ်			
ဆန်(အောက်စ)(ဆန်စပါးကုန်စည်ဒိုင်-ဝါးတန်း)								
ပေါ်ဆန်းဆန်	တစ်တင်းခွဲ	၃၅၅၀၀	၃၅၅၀၀	၃၅၅၀၀	၃၅၅၀၀	၃၅၅၀၀	၃၅၅၀၀	
ဧည့်မထဆန်	တစ်တင်းခွဲ	၂၃၅၀၀	၂၄၀၀၀	၂၄၀၀၀	၂၄၀၀၀	၂၃၈၇၅	၂၂၃၇၅	၆.၇၀
ငကွဲဆန်	တစ်တင်းခွဲ	၂၉၀၀၀	၂၉၀၀၀	၂၉၀၀၀	၂၉၀၀၀	၂၉၀၀၀	၃၀၅၀၀	-၄.၉၂
ငစိန်ဆန်	တစ်တင်းခွဲ	၁၈၀၀၀	၁၉၅၀၀	၁၉၅၀၀	၁၉၅၀၀	၁၉၁၂၅	၁၈၀၀၀	၆.၂၅
ဆန်(အလတ်စ)								
ရွှေဘိုပေါ်ဆန်း	တစ်တင်းခွဲ	၅၁၅၀၀	၅၁၅၀၀	၅၁၅၀၀	၅၁၅၀၀	၅၁၅၀၀	၅၁၅၀၀	
ဖျာပုံပေါ်ဆန်း	တစ်တင်းခွဲ	၃၆၅၀၀	၃၆၅၀၀	၃၆၅၀၀	၃၆၅၀၀	၃၆၅၀၀	၃၆၅၀၀	
ပေါ်ကွဲ	တစ်တင်းခွဲ	၂၉၅၀၀	၂၉၅၀၀	၂၉၅၀၀	၂၉၅၀၀	၂၉၅၀၀	၃၁၀၀၀	-၄.၈၄
ဧည့်မထ	တစ်တင်းခွဲ	၂၃၈၀၀	၂၄၃၀၀	၂၄၃၀၀	၂၄၃၀၀	၂၄၁၇၅	၂၂၆၀၀	၆.၉၇
မနောသုခ	တစ်တင်းခွဲ	၂၅၀၀၀	၂၅၀၀၀	၂၅၀၀၀	၂၅၀၀၀	၂၅၀၀၀	၂၅၀၀၀	
ငစိန်	တစ်တင်းခွဲ	၁၈၅၀၀	၂၀၀၀၀	၂၀၀၀၀	၂၀၀၀၀	၁၉၆၂၅	၁၈၅၀၀	၆.၀၈
ဇီယာ	တစ်တင်းခွဲ	၂၃၈၀၀	၂၄၃၀၀	၂၄၃၀၀	၂၄၃၀၀	၂၄၁၇၅	၂၂၆၀၀	၆.၉၇
ဂျုံမှုန့်	၂၅ ပိဿာ	၂၉၀၀၀	၂၉၀၀၀	၂၈၀၀၀	၂၈၀၀၀	၂၈၅၀၀	၃၀၂၅၀	-၅.၇၉
အစေ့ထုတ်ပြောင်း	၅၄ ပိဿာ	၂၈၇၅၅	၂၉၉၇၀	၃၀၉၁၅	၃၁၇၂၅	၃၀၃၄၀	၂၇၃၀၄	၁၁.၁၂
ပဲမျိုးစုံ(ဘုရင့်နောင်ကုန်စည်ဒိုင်)								
မတ်ပဲ(သဘော်ဘတင်)	မက်ထရစ်တန်	၉၄၅၀၀၀	၉၆၂၀၀၀	၉၇၅၀၀၀	၁၀၁၈၀၀၀	၉၇၅၀၀၀	၉၅၉၇၅၀	၁.၅၉
ပဲတီရွှေဝါ	၃တင်းအိတ်	၁၁၄၀၀၀	၁၁၄၄၅၀	၁၀၈၀၅၀	၁၁၇၄၅၀	၁၁၃၄၈၈	၁၁၆၄၇၅	-၂.၅၆
ပဲစဉ်းငုံ(သဘော်ဘတင်)	မက်ထရစ်တန်	၇၇၇၅၀၀	၇၈၄၀၀၀	၇၇၄၅၀၀	၈၁၁၅၀၀	၇၈၆၈၇၅	၇၆၅၀၀၀	၂.၈၆
ထောပတ်ပဲ	၃တင်းအိတ်	၆၃၁၅၀	၆၃၁၅၀	၆၅၈၅၀	၆၅၈၅၀	၆၄၅၀၀	၆၄၆၁၃	-၀.၁၇
ကုလားပဲ(လုံး/ဝါ)	ပိဿာ	၁၂၀၈	၁၂၇၅	၁၂၈၅	၁၃၁၀	၁၂၇၀	၁၂၅၆	၁.၀၉
ပဲလွမ်းဖြူ	၃တင်းအိတ်	၉၉၀၀၀	၁၀၀၉၅၀	၁၀၂၄၅၀	၁၀၃၅၀၀	၁၀၁၄၇၅	၉၃၉၇၅	၇.၉၈
ပဲပုပ်(မြန်မာ)	၃တင်းအိတ်	၆၀၀၀၀	၆၀၀၀၀	၆၀၀၀၀	၆၀၀၀၀	၆၀၀၀၀	၆၃၉၇၅	-၆.၂၁
ဘိုကိတ်	၃တင်းအိတ်	၇၂၀၀၀	၇၂၀၀၀	၇၈၄၅၀	၈၂၅၀၀	၇၆၂၃၈	၇၂၀၃၈	၅.၈၃
စားဖို့ဆောင်သီးနှံ								
ငရုတ်ခြောက်(ရှည်)	ပိဿာ	၂၈၅၀	၂၇၀၀	၂၈၂၅	၂၆၅၀	၂၇၅၆	၂၆၈၈	၂.၅၆
ငရုတ်ခြောက်(လတ်)	ပိဿာ				၃၄၅၀	၃၄၅၀	၃၂၅၀	၆.၁၅
ငရုတ်ခြောက်(အပွ)	ပိဿာ	၅၅၀၀	၅၁၀၀	၅၁၀၀	၅၁၀၀	၅၂၀၀	၅၅၆၃	-၆.၅၂
ကြက်သွန်နီ(အထူး)	ပိဿာ	၅၂၅	၆၁၃	၆၁၃	၆၀၀	၅၈၈	၄၈၅	၂၁.၃၁
ကြက်သွန်နီ(အလတ်)	ပိဿာ	၅၇၅	၆၅၀	၆၂၅	၆၁၃	၆၁၆	၅၄၁	၁၃.၈၇
ကြက်သွန်နီ(အသေး)	ပိဿာ	၄၇၅	၅၆၃	၅၃၈	၅၂၅	၅၂၅	၄၆၉	၁၁.၉၉
ကြက်သွန်ဖြူ(ရှမ်း)	ပိဿာ	၂၀၅၀	၁၈၅၀	၁၉၀၀	၁၉၀၀	၁၉၂၅	၂၀၂၅	-၄.၉၄
ကြက်သွန်ဖြူ(ကြူကုတ်)	ပိဿာ	၁၅၀၀	၁၃၀၀	၁၂၇၅	၁၁၇၅	၁၃၁၃	၁၅၇၅	-၁၆.၆၇
အာလူး(အိုကေ)	ပိဿာ	၆၀၀	၆၀၀	၅၈၀	၅၈၀	၅၉၀	၆၅၃	-၉.၅၈
အာလူး(အေဝမ်း)	ပိဿာ	၅၅၀	၅၇၀	၅၇၀	၅၇၀	၅၆၅	၅၀၈	၁၁.၃၃
ညောင်ပင်လေးဈေး								
စားအုန်းဆီ(ကုမ္ပဏီ)	ပိဿာ	၁၅၁၅	၁၅၄၅	၁၅၃၀	၁၅၈၀	၁၅၄၃	၁၅၅၅	-၀.၈၀
စားအုန်းဆီ(လက်ကား)	ပိဿာ	၁၅၆၅	၁၅၉၅	၁၅၈၀	၁၆၃၀	၁၅၉၃	၁၆၀၆	-၀.၈၆
မြေပဲဆီ(ရန်ကုန်-ရှယ်)	ပိဿာ	၆၆၀၀	၆၆၀၀	၆၆၀၀	၆၆၀၀	၆၆၀၀	၆၉၅၀	-၅.၀၄
မြေပဲဆီ(နယ်-ရှယ်)	ပိဿာ	၆၃၀၀	၆၃၀၀	၆၃၀၀	၆၃၀၀	၆၃၀၀	၆၃၇၅	-၀.၁၈
မြေပဲဆီ(ရိုးရိုး)	ပိဿာ	၃၂၀၀	၃၂၀၀	၃၂၀၀	၃၂၀၀	၃၂၀၀	၃၂၇၅	-၂.၂၉
နှမ်းဆီ(အကြော်ခံ)	ပိဿာ	၆၅၀၀	၆၅၀၀	၆၈၀၀	၆၆၀၀	၆၆၀၀	၆၈၀၀	-၂.၉၄
နှမ်းဆီ(ရိုးရိုး)	ပိဿာ	၆၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀	၆၀၀၀	

ရန်ကုန်ဈေးကွက်

လယ်ယာထွက်ကုန်များလက်ကားရောင်းဈေးနှုန်းများအခြေအနေ

(ကျပ်)

လယ်ယာထွက်ကုန်အမည်	ရေတွက်ပုံ	ဇွန်လ-၂၀၂၀				ဇွန်လ ပျမ်းမျှ	မေလ ပျမ်းမျှ	ယခင်လနှင့် ယခုလ ခြားနား ချက် %
		ပထမပတ်	ဒုတိယပတ်	တတိယပတ်	စတုတ္ထပတ်			
သီရိမလ်ာဈေး								
စားဖိုဆောင်သီးနှံများ								
ချင်း	ပိဿာ	၄၄၀၀	၄၀၀၀	၄၀၀၀	၃၈၀၀	၄၀၅၀	၄၃၀၀	-၅.၈၁
ဟင်းသီးဟင်းရွက်								
ခရမ်းချဉ်(ရှမ်း)	သေတ္တာ	၇၀၀၀	၁၁၀၀၀	၁၁၀၀၀	၁၃၀၀၀	၁၀၅၀၀	၆၂၅၀	၆၈.၀၀
ဂေါ်ဖီထုပ်(ရှမ်း)	ထုပ်	၂၅၀	၃၂၅	၃၇၅	၄၅၀	၃၅၀	၂၉၈	၁၇.၆၅
ပန်းမုန်လာ(ရှမ်း)	ပွင့်	၅၅၀	၃၂၅	၄၇၅	၅၅၀	၄၇၅	၅၆၃	-၁၅.၅၆
မုန်လာဥနီ(ရှမ်း)	ပိဿာ	၁၁၀၀	၁၁၀၀	၁၁၀၀	၁၅၀၀	၁၂၀၀	၁၁၀၀	၉.၀၉
သခွားသီး(လတ်)	၁၀၀ လုံး	၁၀၀၀၀	၁၀၀၀၀	၇၀၀၀	၅၀၀၀	၈၀၀၀	၁၀၀၀၀	-၂၀.၀၀
ခရမ်းသီး(လတ်)	၁၀၀ လုံး	၁၂၀၀၀	၁၂၀၀၀	၁၂၀၀၀	၁၀၀၀၀	၁၁၅၀၀	၁၂၀၀၀	-၄.၁၇
ငရုတ်စို(ရှည်)	ပိဿာ	၂၇၀၀	၂၇၀၀	၃၀၀၀	၅၀၀၀	၃၄၅၀	၂၇၀၀	၂၄.၀၇
ငရုတ်စို(လတ်)	ပိဿာ	၁၀၀၀	၁၀၀၀	၁၀၀၀	၁၂၀၀	၁၀၅၀	၁၀၀၀	၅.၀၀
စားပြောင်း	၁၀၀ လုံး	၉၀၀၀	၉၀၀၀	၁၃၀၀၀	၁၅၀၀၀	၁၁၅၀၀	၉၀၀၀	၂၇.၇၈
ကျောက်ဖရုံသီး	လုံး	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၅၀၀	၆.၆၇
ရွှေဖရုံ(လတ်)	လုံး	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၆၀၀	၁၅၀၀	၆.၆၇
ရုံးပတီးသီး	၁၀၀တောင့်	၁၂၀၀	၁၂၀၀	၁၂၀၀	၁၀၀၀	၁၁၅၀	၁၂၂၅	-၆.၁၂
မုန်လာဥဖြူ	ပိဿာ			၁၃၀၀	၁၂၀၀	၁၂၅၀	၁၀၀၀	၂၅.၀၀
ကြက်ဟင်းခါးသီး	၁၀၀ လုံး	၁၅၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၅၀၀၀	
ဘူးသီး	လုံး	၁၀၀၀	၁၀၀၀	၁၀၀၀	၈၀၀	၉၅၀	၁၀၀၀	-၅.၀၀
တညင်းသီး(ခွံပါ)	တင်း	၁၅၀၀၀	၁၄၀၀၀	၁၄၀၀၀	၁၄၀၀၀	၁၄၂၅၀	၁၅၁၂၅	-၅.၃၉
တညင်းသီး(ခွံချွတ်)	တင်း	၃၀၀၀၀	၃၃၀၀၀	၃၃၀၀၀	၃၃၀၀၀	၃၂၂၅၀	၂၈၃၃၃	၁၃.၈၂
ဂေါ်ရခါးသီး	၁၀ လုံး	၂၀၀၀	၂၀၀၀	၂၀၀၀	၁၀၀၀	၁၇၅၀	၂၅၀၀	-၃၀.၀၀
သစ်သီးဝလံ								
ငှက်ပျောသီး(ရွှေနီ)	ဖီး	၄၀၀၀	၄၀၀၀	၄၀၀၀	၄၀၀၀	၄၀၀၀	၃၇၅၀	၆.၆၇
ငှက်ပျောသီး(သီးမွှေး)	ဖီး	၁၅၀၀	၁၅၀၀	၁၅၀၀	၁၃၀၀	၁၄၅၀	၂၂၅၀	-၃၅.၅၆
ငှက်ပျောသီး(ဖီးကြမ်း)	ဖီး	၁၅၀၀	၁၅၀၀	၁၅၀၀	၁၃၀၀	၁၄၅၀	၂၂၅၀	-၃၅.၅၆
ငှက်ပျောသီး(ရခိုင်)	ဖီး	၁၀၀၀	၁၀၀၀	၁၀၀၀	၁၀၀၀	၁၀၀၀	၁၃၇၅	-၂၇.၂၇
ဒူရင်းသီး(ဒေသ)	လုံး	၅၀၀၀	၄၅၀၀	၄၀၀၀	၄၀၀၀	၄၃၇၅	၆၃၇၅	-၃၁.၃၇
ဒူရင်းသီး(ပြည်ပ)	လုံး	၁၆၀၀၀	၁၆၀၀၀	၁၆၀၀၀	၂၀၀၀၀	၁၇၀၀၀	၁၇၀၀၀	
မင်းဂွတ်သီး	၁၀ လုံး	၂၀၀၀	၂၀၀၀	၂၀၀၀	၃၀၀၀	၂၂၅၀	၃၂၅၀	-၃၀.၇၇
ကြက်မောက်သီး	၁၀၀ လုံး	၅၀၀၀	၄၀၀၀	၄၀၀၀	၄၅၀၀	၄၃၇၅		
သရက်သီး(မချစ်စု)	၁၀ လုံး	၅၀၀၀	၃၅၀၀	၃၀၀၀	၃၀၀၀	၃၆၂၅	၅၀၀၀	-၂၇.၅၀
သရက်သီး(ရင်ကွဲ)	၁၀ လုံး	၁၅၀၀	၁၂၀၀	၁၂၀၀	၁၂၀၀	၁၂၇၅	၁၉၅၀	-၃၄.၆၂
သရက်သီး(စိန်တလုံး)	၁၀ လုံး	၆၀၀၀	၅၀၀၀	၄၅၀၀	၄၅၀၀	၅၀၀၀	၆၀၀၀	-၁၆.၆၇
စပျစ်သီး(နီညို)	ပိဿာ	၁၃၅၇	၁၃၅၇	၁၃၅၇		၁၃၅၇	၁၃၅၈	-၀.၀၄
နာနတ်သီး	လုံး	၉၀၀	၉၀၀	၈၀၀	၈၀၀	၈၅၀	၉၀၀	-၅.၅၆
ကျဲကောသီး(ပန်းရောင်)	လုံး	၂၅၀၀	၂၅၀၀	၂၀၀၀	၂၀၀၀	၂၂၅၀	၂၅၀၀	-၁၀.၀၀
ပန်းသီး(တရုတ်)	သေတ္တာ	၁၁၀၀၀	၁၁၀၀၀	၁၂၀၀၀	၁၂၀၀၀	၁၁၅၀၀	၁၁၀၀၀	၄.၅၅

မန္တလေးဈေးကွက်
လယ်ယာထွက်ကုန်များလက်ကားရောင်းဈေးနှုန်းများအခြေအနေ

(ကျပ်)

လယ်ယာထွက်ကုန်အမည်	ရေတွက်ပုံ	ဇွန်လ-၂၀၂၀					မေလ ပျမ်းမျှ	ယခင်လနှင့် ယခုလ ခြားနားချက် (%)
		ပထမပတ် ၃-ရက်	ဒုတိယပတ် ၁၀-ရက်	တတိယပတ် ၁၇- ရက်	စတုတ္ထပတ် ၂၄-ရက်	ပျမ်းမျှ		
ကိုင်းတန်းဈေးနှံစားသီးနှံများ								
ရွှေဘိုပေါ်ဆန်း	တစ်တင်းခွဲ	၅၀၀၀၀	၅၀၀၀၀	၄၉၀၀၀	၅၀၀၀၀	၄၉၇၅၀	၅၀၇၅၀	-၁.၉၇
ပေါ်ဆန်းဆန်	တစ်တင်းခွဲ	၄၅၀၀၀	၄၅၀၀၀	၄၃၀၀၀	၄၂၀၀၀	၄၃၅၀၀	၄၄၂၅၀	-၁.၁၃
ငစိန်ဆန်	တစ်တင်းခွဲ	၂၂၀၀၀	၂၂၀၀၀	၂၁၀၀၀	၂၃၀၀၀	၂၂၀၀၀	၂၂၇၅၀	-၃.၃၀
မနော်သုခဆန်	တစ်တင်းခွဲ	၂၄၅၀၀	၂၄၀၀၀	၂၄၅၀၀	၂၅၀၀၀	၂၄၅၀၀	၂၅၂၅၀	-၂.၉၇
ရွှေဘိုမနော်ဆန်	တစ်တင်းခွဲ	၄၅၀၀၀	၄၅၀၀၀	၄၅၀၀၀	၄၈၀၀၀	၄၅၇၅၀	၄၇၇၅၀	-၄.၁၉
ဇီယာဆန်	တစ်တင်းခွဲ	၂၆၅၀၀	၂၇၀၀၀	၂၇၀၀၀	၂၇၀၀၀	၂၆၈၇၅	၂၇၂၅၀	-၁.၃၈
စားဖိုဆောင်သီးနှံ								
ငရုတ်ခြောက်(ရှည်)	ပိဿာ	၃၈၃၃	၃၆၆၇	၃၇၆၇	၄၂၅၀	၃၈၇၉	၃၉၇၅	-၂.၄၁
ငရုတ်ခြောက်(လတ်)	ပိဿာ	၂၈၀၀	၂၈၃၃	၃၁၀၀	၃၀၀၀	၂၉၃၃	၃၃၆၃	-၁၂.၇၇
ငရုတ်ခြောက်(ပွ)	ပိဿာ	၈၀၀၀	၇၅၀၀	၈၀၀၀	၆၅၀၀	၇၂၅၀	၇၂၅၀	၃.၄၅
ကြက်သွန်နီ(ထူး)	ပိဿာ	၆၀၀	၆၀၀	၅၅၀	၄၀၀	၅၃၈	၆၂၅	-၁၄.၀၀
ကြက်သွန်နီ(လတ်)	ပိဿာ	၅၅၀	၅၅၀	၅၀၀	၃၅၀	၄၈၈	၅၆၃	-၁၃.၃၃
ကြက်သွန်နီ(သေး)	ပိဿာ	၄၅၀	၄၇၅	၄၂၅	၃၀၀	၄၁၃	၄၈၁	-၁၄.၂၉
ကြက်သွန်ဖြူ(ရှမ်း)	ပိဿာ	၁၄၃၃	၁၈၆၇	၁၆၃၃	၁၇၆၇	၁၆၅၅	၂၀၁၇	-၁၆.၉၄
ကြက်သွန်ဖြူ(ကြူကုတ်	ပိဿာ	၁၃၀၀	၁၃၀၀	၁၂၅၀	၁၁၀၀	၁၂၈၈	၁၆၈၈	-၂၆.၆၇
ကြက်သွန်ဖြူ(မြေပြန့်)	ပိဿာ	၂၂၆၇	၂၇၀၀	၂၇၀၀	၂၆၅၀	၂၅၇၉	၂၃၇၅	၈.၆၀
အာလူး(အိုကေ)	ပိဿာ	၈၀၀	၈၀၀	၈၀၀	၈၀၀	၈၀၀	၇၂၅	၁၀.၃၄
အာလူး(အေဝမ်း)	ပိဿာ	၇၀၀	၇၀၀	၇၀၀	၇၅၀	၇၁၃	၆၃၃	၁၂.၆၅
အာလူး(ဆွဲသီး)	ပိဿာ	၅၀၀	၆၀၀	၆၀၀	၅၇၅	၅၇၅	၅၁၃	၁၂.၂၀
ချင်း	ပိဿာ	၃၁၀၀	၃၀၅၀	၃၀၀၀	၂၄၀၀	၂၈၈၈	၃၁၀၀	-၆.၈၅
ဟင်းသီးဟင်းရွက်								
ခရမ်းချဉ်(ရှမ်းတောင်)	သေတ္တာ	၉၀၀၀	၁၃၅၀၀	၁၂၅၀၀	၁၇၀၀၀	၁၃၀၀၀	၆၂၅၀	၁၀၈.၀၀
ဂေါ်ဖီထုပ်(ရှမ်းတောင်)	ထုပ်	၁၅၀	၉၀	၂၀၀	၁၅၀	၁၄၈		
ဂေါ်ဖီထုပ်(ရှမ်းမြောက်)	ထုပ်	၁၅၀	၉၀	၂၀၀	၁၅၀	၁၄၈	၂၀၆	-၂၈.၃၁
ပန်းမုန်လာ(ရှမ်းတောင်)	ပွင့်		၃၀၀	၃၀၀	၆၀၀	၄၀၀		
ပန်းမုန်လာ(ရှမ်းမြောက်	ပွင့်	၄၅၀	၂၅၀	၃၀၀	၅၀၀	၃၇၅	၄၈၈	-၂၃.၀၈
ပန်းမုန်လာ(မြေပြန့်)	ပွင့်	၄၀၀				၄၀၀	၃၆၃	၁၀.၃၄
မုန်လာဥနီ(ရှမ်းမြောက်)	ပိဿာ	၁၀၀၀	၈၀၀	၉၀၀	၁၆၀၀	၁၀၇၅	၈၈၈	၈၂.၉၈
သခွားသီး(လတ်)	၁၀၀ လုံး	၁၀၀၀၀	၁၀၀၀၀	၁၀၀၀၀	၈၀၀၀	၉၅၀၀	၁၀၂၅၀	-၃.၃၂
ခရမ်းသီး(လတ်)	ပိဿာ	၄၀၀	၆၀၀	၅၀၀	၄၀၀	၄၅၅	၄၁၃	၁၅.၁၅
ငရုတ်စို(ရှည်)	ပိဿာ	၁၃၀၀	၁၅၅၀	၁၅၀၀	၁၃၀၀	၁၄၁၃	၁၃၀၀	၈.၆၅
ငရုတ်စို(လတ်)	ပိဿာ	၂၆၀၀	၃၅၀၀	၃၃၀၀	၂၈၀၀	၃၀၂၅	၁၉၅၀	၅၅.၁၃
ငရုတ်စို(လုံး)	ပိဿာ	၁၃၀၀	၁၅၀၀	၁၅၅၀	၁၆၀၀	၁၄၈၈	၁၄၁၃	၅.၃၁
စားပြောင်း	၁၀၀ ခု	၁၃၀၀၀	၁၂၀၀၀	၁၂၀၀၀	၁၂၀၀၀	၁၂၂၅၀	၁၃၀၀၀	-၅.၇၇
ရုံးပတီသီး(လတ်)	ပိဿာ	၅၅၀	၉၀၀	၈၀၀	၁၀၀၀	၈၁၃	၈၅၀	-၄.၄၁
ဂေါ်ရခါးသီး	၁၀ လုံး	၁၁၀၀	၁၂၅၀	၁၁၀၀	၁၄၅၀	၁၂၂၅	၈၇၅	၄၀.၀၀
ရွှေဖရုံ(လတ်)	လုံး	၈၀၀	၈၀၀	၈၀၀	၈၀၀	၈၀၀	၈၀၀	
မုန်လာဥဖြူ	၁၀ လုံး	၂၀၀	၃၀၀	၂၅၀	၂၀၀	၂၃၈	၁၉၀	၂၅.၀၀
ဘိုစားပဲ	ပိဿာ	၁၀၀၀	၁၈၀၀	၁၄၀၀	၁၀၀၀	၁၃၀၀	၁၃၁၃	-၀.၉၅
တညင်းသီး	၁၀၀ လုံး	၂၄၀၀	၁၃၀၀	၁၄၅၀	၂၂၀၀	၁၈၃၈	၄၀၀၀	-၅၄.၀၆
သစ်သီးဝလံ								
